# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၆)ရက် ၊ စနေနေ့ ၊ (20-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၅၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ်(State Visit) သွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ဟန်ကျိုးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ နိုင်ငံသို့ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များကို ကျဲ့ကျန်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး နှင့် စာမျက်နှာ ၁၆ ကော်လံ ၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံး တို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈၇ ဒသမ ၉၇၁ သန်းရရှိခဲ့



ဂျပန်နိုင်ငံသို့ အေးခဲ ပြုလုပ် တင်ပို့သည့် မြိတ်ကျွန်းစုမှ ပုစွန်ဖြူ များကို တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၁၉**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၏ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈၇ ဒသမ ၉၇၁ သန်းရရှိခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေလုပ်ငန်းဆိုင်ရာနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုပိုမိုဖွံ့ဖြိုးလာစေရန်၊ ရေထွက်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရန်၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရှာဖွေပေးနိုင်ရန်၊ ရေလုပ်သားနှင့် စာမျက်နှာ ၂၅ ကော်လံ ၁

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် CCTV သတင်းရုပ်သံလိုင်း၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြား**

စာမျက်နှာ - ၆

**အောင်ကြောင်းစေရည် အောင်လမ်းတည်မည့် အောင်စည်မြည်ဟည်း အောင်ခရီး(၄)**

ဆောင်းပါး စာမျက်နှာ - ၈

**နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည် (၁၉-၆-၂၀၂၆)**

ကယားပြည်နယ်၊ ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

ရတနာပုံ
၂၀၂၆ ခုနှစ် ဇွန် ၂၀ ရက်

**အယ်ဒီတာ့အာဘော်**

# ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်မည့် အကျိုးရှိသောခရီးစဉ်

မြန်မာနှင့် တရုတ်နိုင်ငံတို့သည် ပထဝီအနေအထား၊ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့်စီးပွားရေးအရ နီးစပ်စွာ ဆက်စပ်နေသည့်အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်တစိုက်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင်လည်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ကို ဇွန် ၁၅ ရက်မှစ၍ ဇွန် ၁၉ ရက်အထိ သွားရောက်ခဲ့ပြီဖြစ်သည်။

ထိုသို့သွားရောက်စဉ် ဇွန် ၁၈ ရက်တွင် တရုတ်နိုင်ငံမှမြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ အကောင်းမွန်ဆုံးတိုးတက်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရန်ရည်ရွယ်၍ "Myanmar–China Investment and Trade Networking Summit" (MCITP – 2026) Shanghai ဖွင့်ပွဲအခမ်းအနားကို ရှန်ဟိုင်းမြို့၊ လင်းကန်အထူးဇုန်ရှိ Radisson Collection Lingang Shanghai ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP) မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ မြန်မာ – တရုတ် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်နိုင်ရေးဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်သည် တရုတ်နိုင်ငံ၏ "Belt and Road" Initiatives စီမံကိန်း၊ မြန်မာ–တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများ၊ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) တို့မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများကို အကျိုးပြုစေမည့်ရလဒ်များဖြစ်ပေါ်စေရေး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဖော်ဆောင်ခြင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေး၊ ကုန်သွယ်မှုနှင့် နည်းပညာကဏ္ဍများတွင် ထိပ်တန်းမှရပ်တည်နေသည့်အပြင် ရှန်ဟိုင်းစတော့အိတ်ချိန်းနှင့် ရှန်ဟိုင်းဆိပ်ကမ်း၊ အဆင့်မြင့်လေဆိပ်၊ မီးရထားလမ်းကွန်ရက်များ ပိုင်ဆိုင်ထားသည့် ရှန်ဟိုင်းမြို့မှလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ အတူတကွပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှာဖွေဖော်ထုတ်ခြင်းစသည်တို့ကို ဖော်ဆောင်သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးအခြေခံကောင်းများကို အသုံးချပြီး စိုက်ပျိုးရေးအခြေခံစက်မှုနိုင်ငံဖြစ်စေရေး မူဝါဒချမှတ်ဆောင်ရွက်နေသော်လည်း လက်ရှိတွင် မြန်မာနိုင်ငံစိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်လျက်ရှိပြီး အထွက်နှုန်းမြင့်မားရန် လိုအပ်ချက်ရှိနေဆဲဖြစ်သောကြောင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာမြင့်မားပြီး ဈေးကွက်အရွယ်အစားကြီးမားသော တရုတ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ခြင်းအပြင် ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုများ ထွန်းကားသည့်တရုတ်နိုင်ငံအနေဖြင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတွင် လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် နှစ်နိုင်ငံအကျိုးရှိစေမည့် Value Chain ဖန်တီးနိုင်ရေးကိုလည်း ဖိတ်ခေါ်ခဲ့သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်သည် မြန်မာ–တရုတ် နှစ်နိုင်ငံကြား စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပိုမိုကျယ်ပြန့်စွာ မြှင့်တင်နိုင်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိလာစေမည်ဖြစ်ပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ရေးသားလိုက်ရပါသည်။

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဆိုင်ရာ စာပေဟောပြောပွဲကျင်းပ




**မန္တလေး ဇွန် ၁၉**

၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နှင့် မန္တလေးပညာရေး ဒီဂရီကောလိပ်တို့ပူးပေါင်း၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဆိုင်ရာ စာပေဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပညာရေးဒီဂရီကောလိပ် ပညာတန်ဆောင်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မမနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ စာရေးဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းက အမှာစကားနှင့် ကျင်းပရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီးနောက် စာရေးဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့) က အမျိုးသမီးများနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ ဟောပြောခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူများက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဆိုင်ရာ စာပေအကြောင်းအရာများကို ဟောပြောခဲ့သည့် စာရေးဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့) နှင့် မန္တလေးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးတို့ကို အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၀၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အရာတော် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၀၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံကေ ၂၅၄၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၀၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲစင်းငုံကေ ၂၅၄၁၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၀၀၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကျောင်းစု(နောက်)ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကြီးကျေးရွာအုပ်စု ကျောင်းစု (နောက်) ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ကျောင်းစု (နောက်)ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၂၄ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းစု (နောက်) ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၂၄ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၆၈၊ စာတည်းအဖွဲ့–၀၃၃–၇၂၇၈၁၊ ၀၉–၄၅၈၈၉၁၃၀၀၊ ကြော်ငြာ–၈၄ လမ်းနှင့် ၂၉–၃၀ လမ်းကြား– ၀၂–၄၀၆၆၆၅၁၊ ဖြန့်ချိရေး–၀၂–၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြစ်သားမြို့နယ် နှမ်းခင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြစ်သား ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက နှမ်းခင်း ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေ ဖြင့် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကျောက်ဆည်ခရိုင် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင် များနှင့်အတူ နှမ်းခင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီး မှူး ဒေါ်ရီရီဦးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးရေးအလေး ထားဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

နှမ်းခင်းကျေးရွာ၌ ရေရရှိရေး အတွက် အနက်ပေ ၄၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေကျပ် ၁၇ ဒသမ ၅၆ သန်း အသုံးပြု၍ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေ ၁၄ ရက်က စတင်အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော် ခြင်းလုပ်ငန်းပြီးစီးပါက နှမ်းခင်း ကျေးရွာရှိ ဒေသခံပြည်သူများ အတွက် ရာသီမရွေး သောက်သုံး ရေဖူလုံစွာ ရယူသုံးစွဲနိုင်မည်ဖြစ် ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီ အရှေ့ရပ်ကွက်ရှိ ဆရာစံဈေးတွင် ဇွန် ၁၈ ရက်က အောင်မြေသာစံ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးမောင်နှင့် တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့တော်စည်ပင် သာယာရေးကော်မတီမှ ဈေးတာဝန်ခံတို့က ဆရာစံဈေး မီးဘေး လုံခြုံရေးစစ်ဆေးနေမှုကို တွေ့ရစဉ်။ **မျိုးကျော်**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်းဧက ၂၅၉၀ စိုက်ပျိုးရန်လျာထားပြီး မေလဒုတိယပတ်မှ စတင်စိုက်ပျိုး ခဲ့ရာ ယနေ့တွင် ၂၀၅၅ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၅၉၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၀၅၅ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီ စိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ အသိပညာပေးတာ တွေရှိပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီး မှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီ သည့် မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန် ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်း ရေး၊ ဓာတ်မြေသြဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန် ရေး အသိပညာပေးလုပ်ငန်း များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုး တက်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံ စေမည့်အပြင် ပိုလျှံမှုကို ရောင်းချ နိုင်သဖြင့် ဝင်ငွေရရှိကာ လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ် ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ချမ်းမြသာစည်မြို့နယ်ရှိ စာသင်ကျောင်း သုံးကျောင်း၌ စားသောက်ကုန်များ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေး

**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မဟာ အောင်မြေခရိုင် ချမ်းမြသာစည် မြို့နယ်ရှိ အခြေခံပညာအထက် တန်းကျောင်း သုံးကျောင်း၌ ရောင်းချသည့် စားသောက်ကုန် များ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ၊ မရှိကို ဇွန် ၁၈ ရက်က တာဝန် ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးထွန်းမင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာန သူနာပြုဆရာမကြီး ဒေါ်နီနီ ဆွေ၊ မြို့နယ်အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ဒေါက်တာဝေယံ၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူ ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ က ချမ်းမြသာစည်မြို့နယ်ရှိ အမှတ် (၃၆)အခြေခံပညာအထက် တန်းကျောင်း၊ အမှတ်(၃၅)အခြေခံ ပညာ အထက်တန်းကျောင်းနှင့် အမှတ် (၂၈) အခြေခံပညာအထက် တန်းကျောင်းတို့တွင် စားသုံးရန် မသင့်သည့်မုန့်များ ရောင်းချခြင်း၊ စားသုံးရန်မသင့်သည့် အစား အစာများ ရောင်းချခြင်းနှင့် သက်တမ်းကုန်လွန်သည့် အစား အစာများ ရောင်းချခြင်း ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အလင်းသစ်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးမြွေထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးမြွေထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင် မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက် သို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ ရောင်းချလျက်ရှိရာ ဧပြီလအတွင်းက ငါးမြွေထိုးပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးမြွေထိုး ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင် ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေး ကွက်ကို ပြီးခဲ့တဲ့မေလအတွင်း ငါးမြွေထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးမြွေ ထိုးတွေက အရည်အသွေးကောင်းပြီး သန့်ရှင်းလတ်ဆတ်ပါတယ်။ အရင်လတွေ ကထက် မေလမှာ ငါးမြွေထိုးတွေ ပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုဇွန်လထဲ မှာလဲ ရန်ကုန်ဈေးကွက်က ငါးမြွေထိုး တွေကို ဝယ်ယူတာများနေပါတယ်။ အခုလို ငါးမြွေထိုးတွေ တင်ပို့ရောင်းချ အားကောင်းလာတာကြောင့် ရေလုပ်သား တွေ၊ ပွဲရုံပိုင်ရှင်တွေ၊ ငါးမွေးမြူရေး လုပ်ငန်းရှင်တွေ အဆင်ပြေပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေ က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ မေလအတွင်း တင်ပို့ရောင်းချခဲ့ သည့် ငါးမြွေထိုးတစ်ပိဿာလျှင် ငွေကျပ် ၃၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မအူပင်မြို့နယ်မှ ထွက်ရှိသည့်ဒေသထွက် ငါးမြွေထိုးများ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှု များပြားနေခြင်းကြောင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များ၊ ရေလုပ်သားများ၊ ငါးမွေးမြူ ရေးလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှား လိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပဲနီကလေးနှင့် ကျန်းမာရေး

ဒေါက်တာလပြည့်ခင်

**ပဲနီကလေး**

ပဲနီကလေးသည် အေးမြပြီးခြောက်သွေ့သည့် ရာသီဥတုကိုကြိုက်နှစ်သက်ပြီး ရေပဲမှုကို မခံနိုင်သောကြောင့် မိုးနည်းရေရှားရပ်ဝန်းဒေသများ၏ ဆောင်းရာသီအခါသမယတွင် အောင်မြင်ဖြစ်ထွန်းမှုအများဆုံး ပဲအမျိုးအစားဖြစ်သည်။ ပဲနီကလေးတွင် ကယ်လိုရီပါဝင်မှုနည်းပါးပြီး အာဟာရဓာတ်ကြွယ်ဝသောကြောင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုသကဲ့သို့ ချက်ရပြုတ်ရလွယ်ကူပြီး အရသာလည်းရှိသောကြောင့် လူကြိုက်များကြသည်။

**ပဲနီကလေး၏ဇာစ်မြစ်**

ပဲနီကလေးသည် လူသားများ သမိုင်းဦးကတည်းက စိုက်ပျိုးစားသောက်ခဲ့ကြသည့် ကမ္ဘာ့အစောဆုံး ကောက်ပဲသီးနှံများထဲက တစ်ခုဖြစ်သည်။ ပဲနီကလေးသည် အရှေ့အလယ်ပိုင်းဒေသဖြစ်သည့် အရှေ့အနီးပိုင်း သို့မဟုတ် Fertile Crescent ဟုခေါ်သော ယနေ့ခေတ် အီရတ်၊ ဆီးရီးယား၊ လက်ဘနွန်၊ အစ္စရေး၊ ဂျော်ဒန်နှင့် တူကီယံနိုင်ငံတောင်ပိုင်းဒေသများမှ စတင်မြစ်ဖျားခံခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၉၀၀၀ ကျော် (ခရစ်တော်မပေါ်မီ ဘီစီ ၇၀၀၀ ခန့်)ကတည်းက အဆိုပါဒေသများတွင် ပဲနီကလေးကိုစိုက်ပျိုးစားသုံးခဲ့ကြသည့် ရှေးဟောင်းသုတေသနအထောက်အထားများ တွေ့ရှိရကြောင်း စာပေများတွင်ဖော်ပြထားသည်။ အရှေ့အလယ်ပိုင်းနိုင်ငံများမှတစ်ဆင့် အီဂျစ်၊ ဂရိ၊ ရောမအင်ပါယာတို့သို့ ပျံ့နှံ့သွားခဲ့ပြီး နောက်ပိုင်းတွင် အိန္ဒိယနှင့် ဥရောပတိုက်တစ်ခုလုံးထိ ကမ္ဘာ့အဓိကအစားအစာတစ်ခုအဖြစ် ပျံ့နှံ့ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။

**ကမ္ဘာပေါ်တွင် ပဲနီကလေး အများဆုံးစိုက်ပျိုးသည့် နိုင်ငံများ**

ပဲနီကလေးသည် ရာသီဥတုခြောက်သွေ့ပြီး အေးမြသည့်ဒေသများတွင် ဖြစ်ထွန်းသည်။ ကနေဒါနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲနီကလေးအပါအဝင် ပဲအမျိုးအစားအားလုံးကို အများဆုံးစိုက်ပျိုးပြီး အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဒုတိယ ပဲအများဆုံးစိုက်ပျိုးသည့်နိုင်ငံဖြစ်သည်။ သြစတြေးလျ၊ တူကီယဲ၊ အမေရိကန်နှင့် နီပေါနိုင်ငံတို့တွင်လည်း အမြောက်အမြားစိုက်ပျိုးကြသည်။

**မြန်မာနိုင်ငံတွင် ပဲနီကလေးစိုက်ပျိုးသည့်ဒေသများ**

မြန်မာနိုင်ငံတွင် ပဲနီကလေးကို ဆောင်းသီးနှံအဖြစ် အဓိကစိုက်ပျိုးကြပြီး ရေသွင်းစိုက်ပျိုးခြင်းထက် မိုးနှောင်းအစိုဓာတ် သို့မဟုတ် မြစ်ရေကျကျန်ခဲ့သည့် မြေနုကျွန်းမြေများတွင် စိုက်ပျိုးမှုများသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲနီကလေးအများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးဖြစ်ပြီး စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင် စသည့်ခရိုင်များတွင် အဓိကစိုက်ပျိုးသည်။ မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံ၊ ညောင်ဦးနှင့် မြစ်ငယ်မြစ်ဝှမ်းဒေသများ၊ မကွေးတိုင်းဒေသကြီးတွင် ပခုက္ကူ၊ ရောဝတီမြစ်ကမ်းဘေးဒေသများတွင် အများဆုံးစိုက်ပျိုးကြသည်။

**ပဲနီကလေးစားသုံးမှုပုံစံ**

အချို့ဒေသများတွင် ပဲရာဇာဟု ခေါ်ဆိုကြသော ပဲနီကလေးကို ပဲနီကလေးဟင်းချို၊ ပဲနီကလေးကြာဆံဟင်းခါး၊ ပဲနီကလေးဆန်ပြုတ်၊ ပဲနီကလေးအာလူးချက် စသည်ဖြင့် ပြုလုပ်၍စားလေ့ရှိကြသည်။

**ပဲနီကလေးတွင်ပါဝင်သော အာဟာရဓာတ်များ**

ပဲနီကလေးသည် အပင်မှရသည့် ပရိုတင်းဓာတ်အလွန်ကြွယ်ဝပြီး ချက်ပြုတ်ရလွယ်ကူသည့်အတွက် အာဟာရတန်ဖိုးအလွန်မြင့်မားသည်။ အမျှင်ဓာတ်၊ ပရိုတင်း၊ ဗီတာမင်နှင့် အခြားသော သတ္တုဓာတ်များလည်း ပါဝင်သည်။ ပဲနီကလေးတွင် ကယ်လိုရီ၊ ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီ၊ အမျှင်ဓာတ်၊ သီရာမင်း၊ နိုကာဆင်၊ ဗီတာမင် B6၊ ဖောလိတ်၊ သံဓာတ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရတ်၊ ပိုတက်စီယမ်၊ ဇင့်၊ ကော့ပါး၊ မဂ္ဂနိစ် စသည့်အာဟာရဓာတ်များပါဝင်သည်။

***အစာခြေစနစ်ကို ကောင်းမွန်စေခြင်း***

ပဲနီကလေးတွင် အမျှင်ဓာတ်အမြောက်အမြားပါဝင်မှုကြောင့် အူလမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို သက်သာစေသည့်အပြင် အူလမ်းကြောင်းအတွင်းရှိ အကျိုးပြုဘက်တီးရီးယားများကိုလည်း ဖွံ့ဖြိုးပွားများစေသည်။ မပျော်ဝင်နိုင်သောအမျှင်ဓာတ်သည် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးနိုင်ပြီး အူမကြီးလှုပ်ရှားမှုကို အဆင်ပြေစေသည်။ အူနံရံများကိုလည်း အာဟာရဓာတ်များ အကောင်းဆုံးစုပ်ယူနိုင်အောင်ပံ့ပိုးပေးပြီး အစာခြေစနစ်ကို အကောင်းဆုံးစွမ်းဆောင်ရည်ရရှိစေနိုင်သည်။

**ကိုလက်စထရောပါဝင်မှု လျှော့ကျစေခြင်း**

ပဲနီကလေးတွင် ကိုလက်စထရောပါဝင်မှုကို လျှော့ကျစေပြီး ရေတွင်ပျော်ဝင်နိုင်သော အမျှင်ဓာတ်ပါဝင်သည်။ သွေးအတွင်းရှိ အကျိုးမပြုသည့် ကိုလက်စထရောလျှော့ကျခြင်းသည် နှလုံးရောဂါနှင့် ရုတ်တရက်လေဖြတ်ခြင်းကို ကာကွယ်နိုင်ပြီး သွေးကြောများကို သန့်စင်စေသည်။

**စွမ်းအင်ကို တိုးစေခြင်း**

ပဲနီကလေးတွင် သံဓာတ်ပါဝင်ခြင်းကြောင့် သွေးအားကောင်းမွန်စေပြီး ခန္ဓာကိုယ်တစ်ခုလုံးအတွက် လိုအပ်သောအောက်ဆီဂျင်ပမာဏကို ရရှိစေသောကြောင့် ဇီဝကမ္မဖြစ်ပျက်မှုကိုအားပေးပြီး စွမ်းအင်ထုတ်လုပ်မှုအတွက် ကူညီပေးသည်။

**ကိုယ်အလေးချိန် ထိန်းညှိပေးခြင်း**

ပဲနီကလေးတွင် ပရိုတင်းနှင့်အမျှင်ဓာတ်မြင့်မားစွာပါဝင်သည့်အတွက် စားပြီးသည့်အခါ ရင်ပြည့်စိမ့်အီနေစေပြီး ဗိုက်ဆာခြင်းကို ကြာရှည်စွာထိန်းချုပ်ပေးနိုင်သဖြင့် ကိုယ်အလေးချိန် လျှော့ချနေသူများအတွက် အကောင်းဆုံးမိတ်ဆွေဖြစ်သည်။ ကယ်လိုရီနည်းပါးပြီး အဆီဓာတ်မပါဝင်ပေ။ ပဲနီကလေးတစ်ခွက်စာတွင် ကယ်လိုရီအနည်းငယ်သာ ပါဝင်သောကြောင့် ဗိုက်ပြည့်နေစေပြီး မကြာခဏ ဗိုက်ဆာခြင်းမှ ကင်းဝေးစေသည်။

**သွေးအားနည်းခြင်းကို ကာကွယ်ပေးခြင်း**

ပဲနီကလေးတွင် သံဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် ခန္ဓာကိုယ်အနှံ့ အောက်ဆီဂျင်သယ်ဆောင်ပေးသည့် သွေးနီဥဆဲလ်များကိုတိုးပွားစေပြီး သွေးအားနည်းခြင်းနှင့် မောပန်းနွမ်းနယ်ခြင်းများကို သက်သာစေသည်။

**နှလုံးကျန်းမာရေးကို အထောက်အကူပြုခြင်း**

ပဲနီကလေးတွင် ဖောလစ်အက်စစ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်ဓာတ်များ ကြွယ်ဝစွာပါဝင်မှုကြောင့် သွေးပေါင်ချိန်ကျစေနိုင်ပြီး နှလုံးကို ကာကွယ်ပေးကာ ကျန်းမာစေသည့်အပြင် များပြားသည့်အမျှင်ဓာတ်က သွေးတွင်းကိုလက်စထရော (မကောင်းသည့်အဆီ)ကို ကျဆင်းစေပြီး ပိုတက်စီယမ်က သွေးဖိအားကို ထိန်းညှိပေးသည့်အတွက် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးခြင်းဖြစ်သည်။ မဂ္ဂနီစီယမ်ဓာတ်သည် သွေးလည်ပတ်မှုကို ကောင်းမွန်စေသောကြောင့် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် အာဟာရဓာတ်နှင့် အောက်ဆီဂျင်များကို လိုအပ်သောနေရာများထိရရှိစေသည်။ မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့လျှင် နှလုံးရောဂါဖြစ်ပွားမှုအန္တရာယ်ကို များစေသဖြင့် ပဲနီကလေးစားခြင်းဖြင့် မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့ခြင်းကို ကာကွယ်ပေးနိုင်သည်။ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်နေသောကြောင့် နှလုံးကျန်းမာရေးကို အကောင်းဆုံးပံ့ပိုးပေးနိုင်သည်။

**ဆီးချိုရောဂါထိန်းချုပ်ပေးနိုင်ခြင်း**

ပဲနီကလေးသည် စားသုံးပြီးသည့်အချိန်တွင် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက်မြင့်တက်မသွားစေဘဲ တဖြည်းဖြည်းပြောင်းလဲစေသော Glycemic Index (GI) နည်းပါးသည့်အစားအစာဖြစ်ခြင်းကြောင့် ဆီးချိုသမားများအတွက် အထူးသင့်လျော်သည်။ သွေးထဲရှိ သကြားဓာတ်ကို ထိန်းပေးနိုင်ခြင်းကြောင့် ဆီးချိုရောဂါကာကွယ်ရာတွင် အထောက်အကူဖြစ်စေသည်။

**ကင်ဆာကာကွယ်ပေးနိုင်ခြင်း**

ပဲနီကလေးတွင် ဆီလီနီယမ်ကြွယ်ဝစွာပါဝင်သောကြောင့် ကင်ဆာကြောင့်ဖြစ်သည့် ရောင်ရမ်းမှုများကိုကာကွယ်ပေးနိုင်သကဲ့သို့ ကင်ဆာကျိတ်များကို ကြီးထွားမလာစေရန်ကာကွယ်ပေးသည်။ ကိုယ်ခံအားက ကင်ဆာဆဲလ်များကို တိုက်ဖျက်အောင် လှုံ့ဆော်ပေးသည်။ အသည်းအင်ဇိုင်းများကို အကောင်းဆုံးလုပ်ဆောင်ပေးနိုင်စေပြီး ကိုယ်တွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်းဖြင့် ကင်ဆာမဖြစ်အောင် အကောင်းဆုံးတားဆီးပေးနိုင်သည်။ အမျှင်ဓာတ်ပါဝင်နေသောကြောင့် အူမကြီးကင်ဆာမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ပဲနီကလေးကို တစ်ပတ်လျှင် အနည်းဆုံးနှစ်ကြိမ်စားသုံးသူများသည် တစ်ပတ်လျှင် တစ်ကြိမ်အောက်လျော့နည်းပြီးစားသုံးသူများထက် ရင်သားကင်ဆာဖြစ်နိုင်ခြေ ၂၄ ရာခိုင်နှုန်းလျော့ကျသွားသည်ကို တွေ့ရှိခဲ့ကြောင်း ဟားဗတ်လူမှုဆေးပညာတက္ကသိုလ် သုတေသီများက ဆိုသည်။

**ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များကို ကျန်းမာစေခြင်း**

ပဲနီကလေးတွင် ဖောလစ်အက်စစ် အလွန်ကြွယ်ဝသောကြောင့် မွေးကင်းစကလေးငယ်များကို ကျန်းမာစေနိုင်ပြီး လမစေ့ဘဲ မွေးဖွားခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်များ စားသုံးပေးမည်ဆိုလျှင် မွေးဖွားလာမည့်ကလေးငယ်များတွင် ဦးနှောက်နှင့် အာရုံကြောမသန်စွမ်းမှုပြဿနာများမဖြစ်အောင် ကြိုတင်ကာကွယ်ပေးနိုင်သည်။ ကိုယ်ဝန်ဆောင်ကာလအတွင်း ပဲနီကလေးစားသုံးပေးမည်ဆိုပါက ဖောလစ်အက်စစ်ကို ကြွယ်ဝစွာရရှိစေမည်ဖြစ်သောကြောင့် ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးပါ ကျန်းမာစေရန် ပဲနီကလေးကို စားသုံးပေးသင့်သည်။

**ပင်ပန်းနွမ်းနယ်မှုကို သက်သာစေခြင်း**

လူနေမှုပုံစံပြောင်းလဲလာမှုနှင့်အတူ လူများစွာတွင် သံဓာတ်အားနည်းမှုကြောင့်ဖြစ်တတ်သော ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် ပဲနီကလေးတွင် ပရိုတင်းဓာတ်နှင့် သံဓာတ်ကြွယ်ဝစွာပါဝင်နေသောကြောင့် ပဲနီကလေးစားသုံးပေးခြင်းဖြင့် သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်သည့် ခြေကုန်လက်ပန်းကျခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းများမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။

**ပဲနီကလေးစားလျှင် သတိထားရမည့်ဆိုးကျိုးများ**

ပဲနီကလေးသည် ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သော်လည်း အချို့သူများတွင် သတိထားရမည့်ဆိုးကျိုး သို့မဟုတ် ဘေးထွက်ဆိုးကျိုးအနည်းငယ်ရှိသည်ကို တွေ့ရသည်။ ပဲနီကလေးတွင် အမျှင်ဓာတ်နှင့် ကာဗိုဟိုက်ဒရိတ်တစ်မျိုးဖြစ်သည့် Oligo-saccharides အမြောက်အမြားပါဝင်သဖြင့် အစာခြေစနစ်က ၎င်းကို ချက်ချင်းမချေဖျက်နိုင်သည့်အခါ အူလမ်းကြောင်းအတွင်း လေပွခြင်း၊ ဗိုက်ကယ်ခြင်း သို့မဟုတ် ဗိုက်ရစ်ခြင်းမျိုးဖြစ်တတ်သည်။ ပဲနီကလေးစားခြင်းဖြင့် လေပွခြင်းနှင့် ဗိုက်ကယ်ခြင်းသည် ဖြစ်ပွားမှုအများဆုံး ဆိုးကျိုးဖြစ်သည်။

**အနှစ်ချုပ်**

ပဲနီကလေးစားသုံးပေးမည်ဆိုပါက နှလုံးကျန်းမာစေနိုင်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များကို ကျန်းမာစေနိုင်ခြင်း၊ အားအင်ပြည့်ဝစေခြင်း၊ ဆီးချိုနှင့်ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ခြင်း၊ ပင်ပန်းနွမ်းနယ်မှုကို သက်သာစေခြင်းနှင့် အစာခြေစနစ်ကိုကျန်းမာစေနိုင်ခြင်း စသည့်ခန္ဓာကိုယ်အတွက် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိစေနိုင်သည်။ ပဲနီကလေးကို အစိမ်းလိုက် သို့မဟုတ် မကျက်တကျက် စားခြင်းမျိုးရှောင်ကြဉ်ပြီး ရေသေချာစိမ်ကာ ကျက်အောင်ချက်ပြုတ်၍ ချင့်ချိန်စားသုံးမည်ဆိုလျှင် ဆိုးကျိုးမရှိဘဲ ခန္ဓာကိုယ်အတွက် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်သည်။ သို့ဖြစ်သောကြောင့် အရသာရှိပြီး အလွယ်တကူဝယ်ယူရရှိနိုင်သော ပဲနီကလေးကို သင့်တင့်မျှတစွာစားသုံးခြင်းဖြင့် မိမိကျန်းမာရေးကို စောင့်ရှောက်ရာရောက်ကြောင်း ရေးသားလိုက်ရပါသည်။



# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၁၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၁၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၂၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ၆၀၉ ဧက၊ ကျွန်းလှမြို့နယ်တွင် ၅၈၄ ဧက စုစုပေါင်း ၁၁၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ လျှော်ဖြူ ၁၂၀၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ လျှော်ဖြူက မြေအမျိုးအစားမရွေးပေါက်ရောက်နိုင်ပါတယ်။ အပူပိုင်းဒေသ သစ်တောပင်မျိုးလဲ ဖြစ်ပါတယ်။ ကျောက်စရစ်ကုန်းလို ဒေသတွေမှာလဲ အောင်မြင်ဖြစ်ထွန်းပါတယ်" ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်လှကြိုင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် လျှော်ဖြူ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၆၁၇ ဧက၊ ကျွန်းလှမြို့နယ်တွင် ၅၈၄ ဧက စုစုပေါင်း ၁၂၀၁ ဧကဖြစ်ကြောင်း သိရသည်။

လျှော်ဖြူကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ်၌ ကြီးကြပ်ရေးအဖွဲ့များကို အုပ်ချုပ်ရေးမှူးရွေးချယ်ခန့်ထားခြင်းဆိုင်ရာ သင်တန်းပို့ချ

**အမရပူရ ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဈေးချိုရပ်ကွက် ဌာနဆိုင်ရာ စုပေါင်းရုံးဝင်းအတွင်းရှိ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ်ရွေးချယ် ခန့်အပ်နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့များအား အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်ထားခြင်းဆိုင်ရာ သင်တန်းပို့ချခြင်းကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကားပြောကြားပြီး အမရပူရမြို့နယ် ဥပဒေအရာရှိ ဒေါ်ခင်သီတာထွေးက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ဦးက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအသစ်ပြန်လည်ရွေးချယ်ခြင်းလုပ်ငန်းစဉ် စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းပို့ချရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်သီတာထွေးက အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပို့ချပြီး အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ဦးက သင်ခန်းစာများကို Power Point ဖြင့် ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်သီတာထွေး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးမှူးများ၊ အငယ်တန်းစာရေး(ရပ်ကွက်၊ ကျေးရွာ)များ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များ စုစုပေါင်း ဦးရေ ၄၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# ပျော်ပျော်ရွှင်ရွှင် ကြိုဆိုပွဲသဘင်

\- ပြည်သူတွေ သောင်းသောင်းဖြ
ကြိုဆိုကြ ပျော်ပျော်ရွှင်၊
တို့နိုင်ငံတော် သမ္မတကြီး
အံ့ချီးဖွယ်ပင်၊
ချစ်ကြည်ရေး ခရီးစဉ်
ထင်ရှားမြင် အောင်မြင်မှု၊
နိုင်ငံတော် ဖွံ့ဖြိုးရေး
လေးစားဂုဏ်ပြု။

\- တရုတ်မြန်မာ ချစ်ကြည်ရေး
မြှင့်တင်ပေး နှစ်ပြည်ထောင်၊
ဆွေမျိုးပေါက်ဖော် နှလုံးသား
တိုးပွားယူဆောင်၊
ချစ်ကြည်မှု အလင်းရောင်
စဉ်ထွန်းပြောင် နေမည်မလွဲ၊
အေးအတူ ပူအမျှ
နေကြသည်ပဲ။

\- ဦးဆောင်သူ ခေါင်းဆောင်ကောင်း
အောင်မြင်ကြောင်း အဖြာဖြာ၊
လုပ်ငန်းရှင်တွေ ရင်းနှီးမှု
ပြည်သူ့အတွက်ပါ၊
တိုးတက်တဲ့ ပြည်မြန်မာ
အနာဂတ်မှာ ရွှေရောင်လွှမ်း၊
ပြည်သူတွေ ညီညွတ်မှုနဲ့
အောင်မြင်မှုလမ်း။

\- ကိုယ့်တိုင်းပြည် ကိုယ်ချစ်လို့
အနှစ်သာရ ပြည့်ဝစွာ၊
ချစ်ကြည်စွာ မြန်မာတရုတ်
လုပ်ငန်းဆောင်တာ၊
ဖွံ့ဖြိုးလို့သာယာ
ဂုဏ်သိက္ခာ မြင့်မားရေး၊
နိုင်ငံတော် သမ္မတကြီး
ပေါင်းစည်းလို့ပေး။

\- ကြိုဆိုသည်ကွဲ့ ကြိုဆိုပြီ၊
အောင်ပွဲအမှန် အောင်ခရီး
ဆီးလို့ကြိုသည်၊
တစ်စိတ်ဝမ်း တစ်လက်ညီ
မျှော်မှန်းရည် နိုင်ငံ့ရှေ့ရေး၊
ပြည်မြန်မာ ရွှေရောင်လွှမ်းဖို့
ကြိုးပမ်းတယ်လေး။ ။

**မန္တလာကိုကိုဝင်း**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် CCTV သတင်းရုပ်သံလိုင်း၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြား



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေစဉ်အတွင်း CCTV သတင်းဌာန ထိပ်တန်းသတင်းတင်ဆက်သူ မစ္စကျိုးယွင်၏ တွေ့ဆုံမေးမြန်းမှုများကို ဇွန် ၁၇ ရက်က ကျောက်ယွီထိုင် နိုင်ငံတော်ဧည့်ဂေဟာ ဧည့်ခန်းမဆောင်၌ လက်ခံဖြေကြားခဲ့သည်။ ထိုသို့ CCTV သတင်းဌာန၏မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**တွေ့ဆုံမေးမြန်းသူ။ ။ မင်္ဂလာပါ သမ္မတကြီးရှင့်။ နိုင်ငံတော်သမ္မတအဖြစ် တရုတ်နိုင်ငံကို ပထမဆုံး လာရောက်တဲ့ အခုခရီးစဉ်မှာ ပြည်ထောင်စုဝန်ကြီးခြောက်ဦးနဲ့ အဆင့်မြင့်တပ်မတော်အရာရှိကြီးတွေ ပါဝင်တာကြောင့် အဆင့်အတန်း အင်မတန်မြင့်မားတာကို သတိပြုမိပါတယ်။ ဒီခရီးစဉ်မှာ ဘယ်လို မဟာဗျူဟာမြောက် ရလဒ်ကောင်းတွေရရှိဖို့ အဓိက မျှော်မှန်းထားပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်။ ။** မှန်ပါတယ်။ ကျွန်တော် ပြီး ၁၀ ရက်က ကျွန်တော် အစိုးရနိုင်ငံ့ခေါင်းဆောင်အနေနဲ့ တာဝန်ယူပြီးနောက်ပိုင်းမှာ အစိုးရသစ်အနေနဲ့ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးပိုမိုပြီး ကောင်းမွန်စေဖို့ ရည်ရွယ်ချက်နဲ့ သမ္မတရှီကျင့်ဖျင်ရဲ့ ဖိတ်ကြားချက်နဲ့ ကျွန်တော်လာခဲ့တာဖြစ်ပါတယ်။ အဓိကကတော့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘက်ပေါင်းစုံကနေ တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စ၊ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံကနေ လာရောက်ရင်းနှီးမြှုပ်နှံမှုကိစ္စတွေ၊ နှစ်ဖက်ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စတွေ၊ နယ်စပ်ဒေသလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေအတွက် ရည်ရွယ်ပြီး လာခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က ဆွေမျိုးပေါက်ဖော်နိုင်ငံတွေ ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အဆင့်တရားဝင်ခရီး ချစ်ကြည်ရေးခရီးစဉ် ပထမဦးဆုံးလာခဲ့ခြင်း ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း အရှည်လျားဆုံး ထိစပ်နေတဲ့ အိမ်နီးချင်းဖြစ်ပြီး ယုံကြည်စိတ်ချရသောမိတ်ဆွေနဲ့ မိတ်ဖက်ဖြစ်ကြောင်း သမ္မတကြီးနဲ့ တွေ့ဆုံဆွေးနွေးမှုအတွင်း သမ္မတ ရှီကျင့်ဖျင်က အလေးထားပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးရဲ့ လက်ရှိအခန်းကဏ္ဍနဲ့ အနာဂတ်အရေးပါမှုကို သမ္မတကြီးအနေနဲ့ ဘယ်လိုသုံးသပ်ပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံက ရှည်လျားတဲ့ သမိုင်းကြောင်းဆက်ဆံရေးတွေ ရှိပါတယ်။ အခုမှ ကျွန်တော်တို့ဆက်ဆံတာမဟုတ်ပါဘူး၊ အိမ်နီးနားချင်းကောင်းနိုင်ငံတွေဖြစ်တယ်။ ကီလိုမီတာ ၂၀၀၀ ကျော်လောက် ရှည်လျားပါတယ်။ ခုနက အဆွေတော်ပြောသလို ဆွေမျိုးပေါက်ဖော်နိုင်ငံတွေ၊ အေးအတူပူအမျှ အသိုက်အဝန်း၊ အကျိုးတူခံစားကြမယ်ဆိုတဲ့ သဘောတူညီချက်တွေရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံရဲ့ ဆက်ဆံရေးက နယ်စပ်ထိတွေ့တဲ့ နိုင်ငံတင်မကဘူး၊ နှစ်နိုင်ငံမူလအခံရှိတဲ့ ချစ်ကြည်ရင်းနှီးမှုတွေကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ဖို့လိုတယ်လို့ မြင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ ကျွန်မတို့ရဲ့ သမ္မတကြီး ရှီကျင့်ဖျင်ကလည်း ဆွေမျိုးပေါက်ဖော်ဆိုပြီး ပြောခဲ့ပါတယ်။ ပေါက်ဖော်ဆိုတာ တရုတ်ဘာသာစကားမှာတော့ 'ပေါင်ပိုး' လို့ ဖြစ်ပါတယ်။ ဒီတရုတ်စကားရဲ့ အဓိပ္ပာယ်ဟာ မြန်မာဘာသာစကားကနေ ဆင်းသက်လာပြီး 'ပေါက်ဖော်' ဆိုတဲ့စကားသည် ပေါင်ပိုး၊ ဆွေမျိုးပေါက်ဖော်ဆိုတဲ့စကားနဲ့တူပါတယ်။ ဒီအသုံးအနှုန်းနဲ့ ဒီအပေါ်မှာ သမ္မတကြီးအနေနဲ့ ဘယ်လို မြင်ပါသလဲ။**

**နိုင်ငံတော်သမ္မတ။ ။** စောစောက ဖြေတာနဲ့ ဆက်စပ်နေတယ်။ ကျွန်တော်တို့က ရှည်လျားတဲ့ သမိုင်းကြောင်းဆက်ဆံရေးရှိကြပါတယ်။ ဆွေမျိုးဆိုတာ သွေးသားတော်စပ်မှုကို ပြောတာပါ။ သွေးသားတော်စပ်မှုဖြစ်တယ်ဆိုတာ ယုံကြည်စိတ်ချရတဲ့ရင်းနှီးတဲ့ သဘောထားမျိုးကို ဖော်ပြတာပါ။ ဆွေမျိုး၊ မောင်နှမတွေဆိုတာ အထက်အောက်မောင်နှမရှိမယ်၊ အဖေအမေရှိမယ်၊ တူ၊ တူမတွေရှိမယ်၊ ဒါတွေအားလုံးက ဆွေမျိုးအသိုင်းအဝိုင်းပါပဲ။ ဒီလိုမျိုးပဲ၊ ခုနကပြောတဲ့ ပေါက်ဖော်ဆိုတဲ့ဟာမှာ ဆွေမျိုးပေါက်ဖော်၊ ဆွေမျိုးနဲ့ ပေါက်ဖော် ဒီလိုအသုံးအနှုန်းရှိပြီးတော့ တရုတ်နဲ့ မြန်မာက ဆွေမျိုးသားချင်းတော်စပ်တယ်ဆိုတဲ့ အမြင်မျိုးကို သုံးနှုန်းခဲ့တာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ သမ္မတကြီးအနေနဲ့ သမ္မတရှီကျင့်ဖျင်နဲ့ အကြိမ်ကြိမ်တွေ့ဆုံဖူးပါတယ်။ သမ္မတရှီကျင့်ဖျင်ဟာ ဘယ်လိုခေါင်းဆောင်မျိုး ဖြစ်တယ်လို့ သမ္မတကြီး ရှုမြင်ပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** သမ္မတကြီး ရှီကျင့်ဖျင်က တိုင်းပြည်ကို တကယ်ကောင်းအောင်လုပ်တဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့အပြင် သူနဲ့ဆွေးနွေးတဲ့အချိန်မှာ သူ့ရဲ့ပြောဆိုချက်တွေက ကမ္ဘာကြီးကို အားလုံးသာတူညီမျှဖြစ်စေချင်တယ်၊ အားလုံးရင်းရင်းနှီးနှီးဖြစ်စေချင်တယ်၊ ခုနကပြောတဲ့ အေးအတူပူအမျှ အသိုက်အဝန်းမျိုးကို ကမ္ဘာကြီးအပေါ်မှာလည်း ထားချင်တဲ့စိတ်ရှိတယ်ဆိုတာ ကျွန်တော်သွားတွေ့တယ်။ ကျွန်တော့်ကို အမြဲတမ်း သူက ပြောပါတယ်။ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကျွန်တော်နဲ့တွေ့ဆုံတဲ့အကြိမ်တိုင်းနီးပါး သူအမြဲတမ်း ထည့်ထည့်ပြောတာကို သတိပြုမိပါတယ်။ ကျွန်တော်က အကြိမ်ပေါင်းများစွာ တရုတ်နိုင်ငံကို ရောက်ဖြစ်ခဲ့တာပါ။ ၂၀၀၇ ခုနှစ်မှာ ကျွန်တော် စရောက်ခဲ့တာပါ။ စရောက်ခဲ့ပြီးတော့ ၂၀၁၉ ခုနှစ်နောက်ပိုင်းမှာ ကျွန်တော် မရောက်တော့ဘဲ ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ်မှာ ပြန်ရောက်ပါတယ်။ ကျွန်တော် ပထမဆုံးလာတဲ့အချိန်တုန်းက သမ္မတကြီး ရှီကျင့်ဖျင်က ဒုတိယသမ္မတပါ။ နောက်ပိုင်းမှာ သူက သမ္မတဖြစ်ပြီး ကျွန်တော်တို့တွေ့ဆုံကြတာပါ။ အဲဒီမှာ တရုတ်နိုင်ငံရဲ့ပြောင်းလဲမှုတွေအများကြီး ကျွန်တော် သတိပြုမိတယ်။ ဒေသတိုင်းပါ၊ ဒေသတိုင်းမှာ ပြောင်းလဲမှုတွေရှိတယ်။ တရုတ်နိုင်ငံက အကျယ်အဝန်းအားဖြင့် အင်မတန်ကြီးမားပါတယ်။ လူဦးရေအားဖြင့်လည်း သန်း ၁၄၀၀ ကျော်လောက်ရှိတယ်၊ ကမ္ဘာ့ရဲ့ ငါးပုံတစ်ပုံတောင်ရှိတယ်။ ဒီဟာအားလုံးကို သာတူညီမျှ တိုးတက်အောင် ဆောင်ရွက်နေတယ်ဆိုတာ တော်ရုံတန်ရုံ ခေါင်းဆောင်မှုနဲ့မရနိုင်ပါဘူး။ တော်တော်ခက်ပါတယ်။ တရုတ်နိုင်ငံခေါင်းဆောင်ရဲ့ ထက်မြက်မှုကို ကျွန်တော်တွေ့ပါတယ်၊ ဒီအတွက် ကျွန်တော် အင်မတန် သူ့ကိုသဘောကျပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ သမ္မတကြီးအနေနဲ့တရုတ်နိုင်ငံကို လာရောက်ဖူးကြောင်း သိရှိရပါတယ်။ အဲဒီအတွေ့အကြုံတွေအရ တရုတ်ပုံစံ ခေတ်မီဆန်းသစ်ခြင်း (Chinese Modernization) ရဲ့ အနှစ်သာရနဲ့ လျှောက်လှမ်းရာလမ်းကြောင်းကို ဘယ်လိုနားလည်သဘောပေါက်ပါသလဲရှင်။**

**နိုင်ငံတော်သမ္မတ။ ။** စောစောက အဖြေနဲ့ ဆက်စပ်ပါတယ်။ခေတ်သစ်တရုတ်နိုင်ငံက တိုးတက်မှုရှိတာအမှန်ပါပဲ၊ ငြင်းလို့မရပါဘူး။ တိုးတက်မှုက အင်မတန်မြန်တယ်၊ တိုးတက်မှုနှုန်းကလည်း တအားမြန်တယ်။ နည်းပညာတစ်ခု ဆန်းသစ်ပြီး ထွက်လာပြီလို့ သတင်းထဲမှာ တွေ့ပါတယ်။ ဒါကိုလေ့လာကြည့်လိုက်ရင် နောက်တစ်ခု ထပ်ပြီးတော့ပြောင်းသွားပါတယ်၊ ဒီလိုမျိုး တရုတ်လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုတွေကို တွေ့ရပါတယ်။ တရုတ်လူငယ်တွေက အားကြိုးမာန်တက်နဲ့ လှုပ်ရှားနေကြတာ၊ လုပ်ကိုင်နေကြတာ ကျွန်တော်တို့တွေ့ရပါတယ်။ လုပ်ချင်ကိုင်ချင်တဲ့စိတ်၊ ကြိုးစားချင်တဲ့စိတ်နဲ့ ဒီလိုလုပ်ကြတယ်။ ဒါကြောင့် နေရာတိုင်းမှာ တိုးတက်မှုတွေ တွေ့ရပါတယ်။ ခုနက ပြောတဲ့နေရာတွေသာမက ပြည်နယ်တော်တော်များများ ကျွန်တော်ရောက်ဖူးပါတယ်။ အားလုံးနီးပါး တိုးတက်မှုရှိတယ်ဆိုသလိုပဲ၊ နောက်တစ်ခုက တိုးတက်မှုကလည်း မျှတပါတယ်။ အလွန်ကွာဟတာ မဟုတ်ဘူး။ ပေကျင်းမှာရှိတဲ့အခြေအနေနဲ့ ရှန်ဟိုင်းမှာရှိတဲ့အခြေအနေ၊ ချုံချင့်မှာရှိတဲ့အခြေအနေနဲ့၊ ကွမ်ကျိုးမှာရှိတဲ့အခြေအနေတွေ အကုန်လုံးဟာ မကွာခြားလှပါဘူး။ သူ့ဟာနဲ့သူ တိုးတက်နေကြတာပါ။ မျှတမှုရှိတယ်ဆိုတာ ကျွန်တော်တွေ့ရတယ်၊ ခေတ်သစ်တရုတ်နိုင်ငံရဲ့ တိုးတက်မှုက ကျွန်တော်တို့ အတုယူဖို့ကောင်းတဲ့ နိုင်ငံတစ်ခုဖြစ်တယ်လို့ မြင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ ကျွန်မတို့ သိရှိရတာက သမ္မတကြီးအနေနဲ့ အခုတစ်ခေါက်ခရီးစဉ်မှာဆိုရင် ရှန်ဟိုင်းမှာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဖို့ရှိပါတယ်။ ပြီးခဲ့တဲ့နေ့မှာ အာကာသ နည်းပညာသိပ္ပံကော်ပိုရေးရှင်းကိုလည်း လေ့လာခဲ့ပါတယ်။ ပြီးတော့ ဟန်ကျိုးမှာလည်း Robot နဲ့ ပတ်သက်တဲ့ စက်ရုံကို လေ့လာမယ်လို့ သိရှိရပါတယ်။ သမ္မတကြီးအနေနဲ့ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှာ ဘယ်ကဏ္ဍတွေ မြှင့်တင်နိုင်မယ်လို့ ယူဆပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကတော့ ကဏ္ဍပေါင်းစုံမှာ ရှိတယ်။ စက်မှုလုပ်ငန်းတွေရှိမယ်၊ နည်းပညာနဲ့ပတ်သက်တာရှိမယ်၊ ယဉ်ကျေးမှုနဲ့ပတ်သက်တာရှိမယ်၊ ကျန်းမာရေးနဲ့ ပတ်သက်တာရှိမယ်၊ အားကစားနဲ့ပတ်သက်တာ ရှိမယ် စသည်ဖြင့် နေရာပေါင်းစုံရှိပါတယ်။ တရုတ်နိုင်ငံက ဘက်ပေါင်းစုံတိုးတက်နေတဲ့နိုင်ငံဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံက ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မယ့်အလားအလာရှိပါတယ်။ အခုလာတဲ့ ခရီးစဉ်မှာ ကျွန်တော် အများကြီးလေ့လာသလိုပဲ၊ ရှန်ဟိုင်းမှာ ကျွန်တော်တို့ ကုန်စည်ပြပွဲတစ်ခုလုပ်ဖို့ရှိတယ်။ မြန်မာနဲ့တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်တဲ့အနေနဲ့ ကုန်စည်ပြပွဲတစ်ခု လုပ်မှာပါ၊ အဲဒီမှာမြန်မာနိုင်ငံက ထွက်ကုန်တွေပြသလို၊ တရုတ်နိုင်ငံက ကုမ္ပဏီတွေကလည်းပြကြပါလိမ့်မယ်။ ကျွန်တော်ကိုယ်တိုင်လည်း တက်ရောက်မှာပါ။ အဲဒီအပေါ်မှာ ကြည့်ပြီးတော့ ဘယ်နယ်ပယ်တွေကစပြီး လုပ်ရင်ရမလဲဆိုတာ စဉ်းစားမှာဖြစ်ပါတယ်။ ဒါကြောင့် ကဏ္ဍပေါင်းစုံလုပ်လို့ရတဲ့ အခြေအနေရှိတယ်ဆိုတာ မြင်ပါတယ်။

ကျွန်တော် တစ်ခုပြောချင်တာလည်း ရှိပါတယ်။ တရုတ်နိုင်ငံက အေအိုင်နဲ့ပတ်သက်ရင် ထိပ်တန်းမှာရှိပါတယ်၊ အာကာသနဲ့ပတ်သက်ရင်လည်း တကယ်ကို ထိပ်တန်းပါ။ တစ်နေ့က ကျွန်တော်တို့ သွားကြည့်တဲ့အချိန်မှာ လပေါ်ကိုဆင်းနိုင်တာ အမေရိကန်ရယ်၊ ရုရှားရယ်၊ တရုတ်နိုင်ငံရယ် သုံးနိုင်ငံပဲ ရှိသေးတယ်။ တရုတ်နိုင်ငံက တတိယမြောက်ဖြစ်ပြီး အာကာသမှာ ထိပ်တန်းမှာရှိတဲ့ နိုင်ငံတစ်ခုဖြစ်တယ်၊ ကျွန်တော်တို့လည်း အာကာသနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး ဆွေးနွေးဆောင်ရွက်နေတာရှိတယ်။ မကြာခင်မှာလည်း ကျွန်တော်တို့ ဂြိုဟ်တုအငယ်တစ်လုံး လွှတ်ဖို့ရှိတယ်၊ တရုတ်နိုင်ငံနဲ့ပူးပေါင်းပြီး ဆောင်ရွက်မယ့် ဂြိုဟ်တုစီမံကိန်းတစ်ခုဖြစ်ပါတယ်။ အာကာသနယ်ပယ်၊ အေအိုင်နယ်ပယ်၊ အိုင်တီနဲ့ပတ်သက်တဲ့ နယ်ပယ်တွေရှိတယ်။ ဒါတွေနဲ့လည်း တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်းတွေရှိတယ်ဆိုတာ ကျွန်တော်တွေ့ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ လွန်ခဲ့တဲ့နှစ်ကသမ္မတကြီး စီချွမ်းပြည်နယ်ကို သွားရောက်စဉ် တရုတ်အင်ဂျင်နီယာတွေထံက မြန်မာနိုင်ငံရဲ့ ပူပြင်းစိုစွတ်သောရာသီဥတုနဲ့ကိုက်ညီတဲ့ အဆောက်အအုံနည်းပညာ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနဲ့ လျှော့ချရေး၊ ဘေးအလွန် ပြန်လည်ထူထောင်ရေး အတွေ့အကြုံတွေကို အထူးတလည်မေးမြန်းလေ့လာခဲ့တာကို တွေ့ရှိရပါတယ်။ တရုတ်နိုင်ငံရဲ့ ဘယ်လို အတွေ့အကြုံတွေဟာ မြန်မာနိုင်ငံအတွက် အသုံးချဖို့ အသင့်တော်ဆုံးဖြစ်မလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** တရုတ်နိုင်ငံရဲ့ အင်ဂျင်နီယာ အတတ်ပညာဟာလည်း မြင့်မားပါတယ်။ အထူးသဖြင့် စီချွမ်းပြည်နယ်ကတော့ ငလျင်ဒဏ်ခံရတဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး ကျွန်တော် စီချွမ်းရောက်တဲ့အချိန်မှာ ငလျင်ဒဏ်ကြောင့် ပြုပြင်ထိန်းသိမ်းတဲ့ဟာတွေ တော်တော်ကို ကောင်းမွန်တာ တွေ့ရတယ်။ ကျွန်တော်တို့လည်း မနှစ်က ပြင်းထန်တဲ့ ငလျင်ဒဏ်ခံခဲ့ရတာရှိတယ်။ တော်တော်လေးပြင်းထန်ပါတယ်။ တော်တော်လည်း အပျက်အစီးများပါတယ်။ အခုထိ ကျွန်တော်တို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်လို့မပြီးသေးပါဘူး၊ အရေးကြီးတဲ့ တံတားကြီးတွေ ပျက်သွားတာ၊ အဆောက်အအုံကြီးတွေ ပျက်တာတွေရှိပါတယ်။ ဒီဟာတွေနဲ့ပတ်သက်ပြီး ငလျင်ဒဏ်ခံနိုင်တဲ့ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး စီချွမ်းပြည်နယ်မှာ တွေ့ဆုံမေးမြန်းရတာဖြစ်ပါတယ်။ ကျွန်တော့်တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ မဖြစ်မနေလုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရမယ့် အခွင့်အလမ်းတွေရှိတယ်ဆိုတာလည်း တွေ့ရပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ သမ္မတကြီးအနေနဲ့တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှာ ဘယ်ကဏ္ဍတွေ မြှင့်တင်နိုင်မယ်လို့ ယူဆပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** နယ်ပယ်ကတော့ အများကြီး ရှိပါတယ်၊ ခုနက ကျွန်တော်ရှင်းပြခဲ့တဲ့အထဲမှာလည်း အများကြီးပါတယ်။ ဒီနယ်ပယ်တွေက ပူးပေါင်းဆောင်ရွက်လို့ရတဲ့ နယ်ပယ်တွေပါ၊ အင်ဂျင်နီယာနဲ့ပတ်သက်တဲ့လုပ်ငန်းရပ်တွေရှိပါတယ်။ အီလက်ထရောနစ်နဲ့ပတ်သက်တဲ့ နယ်ပယ်တွေရှိတယ်၊ နည်းပညာနဲ့ပတ်သက်တဲ့ နယ်ပယ်တွေရှိတယ်၊ နောက်အာကာသနဲ့ ပတ်သက်တဲ့နယ်ပယ်တွေရှိတယ်။ စိုက်ပျိုးရေးပေါ်မှာ အခြေခံတဲ့ကုန်ထုတ်လုပ်မှုတွေ၊ စက်မှုလုပ်ငန်းတွေ၊ Agro Based Industry တွေ

စာမျက်နှာ ၇ သို့

**စာမျက်နှာ ၆ မှအဆက်**

ဒါနဲ့ပတ်သက်ပြီး လုပ်လို့ရတာတွေရှိတယ်။ အများကြီးပါပဲ။ ကျွန်တော်လာတဲ့ရည်ရွယ်ချက်က ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် အခွင့်အလမ်းတွေ ဖော်ထုတ်ဖို့ပဲဖြစ်ပါတယ်။ ခုနက ကျွန်တော်ရှင်းပြတဲ့အထဲမှာလည်း ပါပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နှစ်ဖက်ကုန်သွယ်မှုတွေ မြှင့်တင်နိုင်ဖို့ပါ။ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့ အထဲမှာလည်း ခုနက နယ်ပယ်တွေ အကုန်လုံးပါပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ အွန်လိုင်းလိမ်လည်မှုကိစ္စတွေ လက်ရှိမှာ တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိပါတယ်။ လက်ရှိ အဲဒီနယ်ပယ်နဲ့ပတ်သက်ပြီးတော့ သမ္မတကြီးအနေနဲ့ ဘယ်လိုမြင်ပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။** ။ အွန်လိုင်း လိမ်လည်မှုကတော့ကမ္ဘာပေါ်မှာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုပါ။ အထူးသဖြင့် လောင်းကစားမှုဝါသနာပါတဲ့သူတွေ၊ သူတို့က ဘယ်လိုပဲဖြစ်ဖြစ် တစ်နည်းမဟုတ်တစ်နည်းနဲ့ သားကောင်ရော၊ လုပ်တဲ့သူရော နှစ်ခုလုံးက ပတ်သက်နေကြတာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က အသိပညာပေးတွေ လုပ်ဖို့လိုတယ်၊ ဥပဒေအရတားဆီးမှုတွေ လိုတယ်၊ ဥပမာ-နယ်စပ်ဖြတ်ကျော်နဲ့ ပတ်သက်ပြီး ဥပဒေနဲ့အညီ နှစ်နိုင်ငံက ပူးပေါင်းဆောင်ရွက်ဖို့၊ တခြားနိုင်ငံတွေပါရင် တခြားနိုင်ငံတွေကလည်း ဥပဒေပြဋ္ဌာန်းပြီးတော့ သူတို့နိုင်ငံတွေမှာလည်း ပြည်သူတွေကို သိအောင်ပြောဖို့လည်း လိုတယ်၊ လူဆိုတာကတော့ လိုချင်တဲ့စိတ် အကုန်လုံးရှိကြတယ်။ လူတွေရဲ့ စိတ်အပေါ်မှာလည်း အများကြီးတည်ပါတယ်။ အဲဒီစိတ်ကို ထိန်းနိုင်ဖို့လိုတယ်။ ဥပဒေက ထိထိရောက်ရောက်တားဆီးဖို့လည်းလိုပါတယ်၊ ထိရောက်တဲ့ ပြစ်ဒဏ်လည်း ပေးဖို့လိုတယ်၊ နိုင်ငံတွေအားလုံးကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ဒီလိုမှသာ အွန်လိုင်းလိမ်လည်မှု ပပျောက်သွားမှာပါ။ ကမ္ဘာမှာ ကြီးမားစွာ ရင်ဆိုင်နေရတဲ့ပြဿနာတစ်ခုက ဒီတစ်ခုရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့် ဒါကို ပူးပေါင်းဆောင်ရွက်မှုနဲ့သာ ဖြေရှင်းလို့ရမယ်လို့ ပြောချင်တယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ မကြာသေးခင်က တရုတ်ရုပ်ရှင် ရက်သတ္တပတ်အခမ်းအနားမှာ ပြသခဲ့တဲ့ “Lighting Up the Stars” ရုပ်ရှင်က သမ္မတကြီးအပေါ် ဘယ်လိုခံစားချက် ချန်ထားခဲ့ပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။** ။ ရုပ်ရှင်တွေကတော့ အများအားဖြင့် ဒရာမာတွေ၊ အက်ရှင်ကားတွေ များပါတယ်။ ဒီဒရာမာကားက တော်တော်ကိုကောင်းပါတယ်။ စိတ်ခံစားချက်လေးတွေကို ဖော်ပြပြီး လုပ်သွားတာပါ။ သတိပြုမိတာကတော့ တရုတ်နိုင်ငံ ရုပ်ရှင်အတတ်ပညာနဲ့ ပတ်သက်တာမှာ သရုပ်ဆောင်တဲ့လူတွေ ရှိတယ်၊ ရိုက်ကွင်းရိုက်ကွက်တွေ ရှိတယ်၊ အသုံးအဆောင်ပစ္စည်းတွေရှိတယ်၊ အသံတွေရှိတယ်။ အဲဒါကအစ တော်တော်ကောင်းတာ သတိပြုမိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ရုပ်ရှင်အားပေးတဲ့ပရိသတ်တွေ အများကြီးရှိတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တချို့အခမ်းအနားတွေ တက်ပါတယ်။ အနုပညာသည် ပြည်သူကို ပြောင်းလဲပေးနိုင်တဲ့ ပညာရပ်တစ်ခု ပါ။ ပြည်သူ့ရဲ့ခံစားချက်ကို ပြောင်းလဲပေးနိုင်တဲ့ပညာရပ်တစ်ခုပါ။ ဒါကြောင့် ကျွန်တော်ကလည်း ဒါကို အသိအမှတ်ပြုပါတယ်။ ဒါကြောင့် အခုဒီရုပ်ရှင်ပွဲသွားကြည့်တဲ့အခါမှာ တရုတ်နိုင်ငံရဲ့ ရုပ်ရှင်အတတ်ပညာနဲ့ပတ်သက်တဲ့ သရုပ်ဆောင်တာရော၊ အသုံးအဆောင်ပစ္စည်းတွေရော တော်တော်လေးကို ကောင်းမွန်တာ တွေ့ရတယ်။ နောက်တစ်ခါ Editing တို့ ဘာတို့ပါ။ ဓာတ်ပုံနဲ့ပတ်သက်တာရှိတယ်၊ အယူအဆတွေ တော်တော်ကောင်းပါတယ်။ ဒါတောင်မှ ကျွန်တော်ကြည့်တဲ့ကားမို့လို့သာ ကျွန်တော်လည်း ပြောတာပါ။ ဒီထက်နာမည်ကြီးတဲ့ကားတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော့်ကိုလည်း ဓာတ်ကားတွေ အများကြီးပေးထားတာရှိတယ်၊ အားတဲ့အချိန် တစ်ခါတလေ အတိုလေးတွေ ကျွန်တော်ကြည့်ပါတယ်။ ရုပ်ရှင်ကတော့ လူကို ပြောင်းလဲသွားစေနိုင်တယ်။ ကောင်းတာလည်းဖြစ်သွားနိုင်တယ်၊ ဆိုးတာလည်းဖြစ်သွားနိုင်တယ်။ ခံစားချက်ကို လုပ်ပေးလိုက်တာပါ။ ဒါကြောင့် ရုပ်ရှင်ကတော့ အင်မတန်အရေးကြီးတဲ့အခန်းကဏ္ဍမှာ ရှိပါတယ်။ မြန်မာနဲ့ တရုတ်ပူးပေါင်းပြီးတော့ ရုပ်ရှင်လောကမှာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်လည်း ပြုပြင်ပြောင်းလဲမှုတစ်ခုအတွက် အထောက်အကူရမယ်လို့ ကျွန်တော်မြင်တယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ အဲဒီ မေတ္တာစမ်းရေ ဓာတ်လမ်းအပေါ်မှာ အသံပိုင်း၊ ရုပ်ရှင်ပိုင်းတို့ကို ကြည့်ရင် နှစ်နိုင်ငံနဲ့ဆက်စပ်တဲ့ပုံစံ၊ နှစ်နိုင်ငံနဲ့ဆက်စပ်တဲ့အခန်းကဏ္ဍအပေါ် ထင်မြင်မှုကို သိပါရစေရှင့်။**

**နိုင်ငံတော်သမ္မတ။** ။ သားသမီးနဲ့မိဘတို့ရဲ့ခံစားမှုတွေပါ။ အဖေကနေပြီးတော့ သားကို ဘယ်လိုဆုံးမသလဲ၊ သားကနေပြီးတော့ အိမ်မှာ ရောက်လာတဲ့ကလေးမလေးကို သူဘယ်လိုပြုမူဆက်ဆံသလဲ၊ ကလေးမလေးက သူ့အပေါ်မှာ ဘယ်လိုပြန်ပြီးတုံ့ပြန်သလဲ စတဲ့ မေတ္တာကို ဖော်ပြတာဖြစ်ပါတယ်။ ရိုက်ကွင်းရိုက်ကွက်တွေလည်း တော်တော်သဘာဝကျတာ တွေ့ရတယ်။ သရုပ်ဆောင်တာတင် မဟုတ်ဘူး၊ ရိုက်ကွင်းရိုက်ကွက်တွေကိုလည်း သဘာဝကျကျ ရိုက်ထားတာပါ။ ရုပ်ရှင်ပညာနဲ့လုပ်ထားတာတွေ ပါကောင်းပါနိုင်ပါတယ်။ သို့သော် လုံးဝမရိပ်မိအောင် လုပ်ထားတာ ကျွန်တော်တို့ တွေ့ရတယ်။ ဒါလည်း အတတ်ပညာတစ်ခုပါပဲ။

**တွေ့ဆုံမေးမြန်းသူ။ ။ ဓာတ်လမ်းအပေါ်ရဲ့ ခံစားမှုကို ကျွန်မသိရှိရပါပြီရှင့်။ ထပ်ပြီးမေးမြန်းချင်တာကတော့ ဒီနှစ်ဟာဆိုရင် လန်ချန်း-မဲခေါင်စီမံကိန်းရဲ့ ၁၀ နှစ်ပြည့်ဖြစ်ပါတယ်။ လန်ချန်း-မဲခေါင်စီမံကိန်းကတစ်ဆင့် မြန်မာနိုင်ငံပြည်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးရေးအပေါ် ဆောင်ရွက်ပေးနိုင်မှု သုံးသပ်ချက်ကို သိပါရစေရှင့်။**

**နိုင်ငံတော်သမ္မတ။** ။ လန်ချန်း-မဲခေါင် စီမံကိန်းဟာ မြန်မာနိုင်ငံလည်း ဒီအထဲမှာ အကျိုးခံစားရတာဖြစ်ပါတယ်။ သူက နယ်ပယ်စုံပါပါတယ်။ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့၊ လုပ်ငန်းနယ်ပယ်လေးတွေ သူက လုပ်ပေးသွားတာပါ။ အခြေခံလူတန်းစားပါ။ ဥပမာအားဖြင့် မြန်မာတိုင်းရင်းသားတွေရဲ့ ဒါမှမဟုတ် အခြေခံလူတန်းစားတွေရဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ဖို့အတွက် လုပ်ပေးတာပါပဲ။ နောက်တစ်ခုက အစိုးရဌာနတွေပါ။ လုပ်ငန်းတွေ၊ ဌာနတွေရဲ့ Capacity စွမ်းဆောင်ရည် မြှင့်တင်ရေးတွေ သူတို့လုပ်ပေးတာ ဒါတွေကို ကျွန်တော်တွေ့ရပါတယ်။ အထောက်အကူရပါတယ်။ လန်ချန်း-မဲခေါင်စီမံကိန်းက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ အဓိကကတော့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်မှာလည်း အထောက်အကူရတာ ကျွန်တော်တွေ့ရပါတယ်။ အကျိုးရှိတဲ့ စီမံကိန်းတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ အဓိက BRI စီမံကိန်းမှာ လက်ရှိမှာဆိုရင် တရုတ်-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုက ပိုမိုနက်ရှိုင်းလာပါတယ်။ BRI ဟာ မြန်မာနိုင်ငံအတွက် ဖြစ်ပေါ်စေတဲ့ အကျိုးစီးပွားနဲ့ အဓိပ္ပာယ်ဖော်ဆောင်နေမှုအပေါ် သိပါရစေရှင့်။**

**နိုင်ငံတော်သမ္မတ။** ။ BRI ကတော့ သူ့လမ်းကြောင်းပေါ်မှာကျွန်တော်တို့ မြန်မာနိုင်ငံကလည်း အစိတ်အပိုင်းတစ်ခုအနေနဲ့ပါလာတာပါ။ ရည်ရွယ်ချက်ကိုက ကမ္ဘာကြီးကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တရုတ်နိုင်ငံက ဆောင်ရွက်တဲ့ အစီအမံတစ်ခုပါပဲ။ အဲဒီအထဲမှာ မြန်မာနိုင်ငံကလည်း ပါလာတယ်။ တောင်ဘက်ဆင်းသွားတဲ့ လမ်းကြောင်းတစ်ခုရှိတယ်။ မြန်မာနိုင်ငံကိုဖြတ်ပြီး လမ်းကြောင်းငယ်တစ်ခု ထပ်ပြီးတော့မှ အဲဒီကနေ တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စင်္ကြံလမ်းတစ်ခု ရှိပါသေးတယ်။ အဲဒီအောက်မှာ ကျွန်တော်တို့ သွားတာပါ။ ဒါတွေက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရော၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေ တိုးတက်ရေးအတွက်ရော အများကြီး အထောက်အကူရပါတယ်။ လက်ရှိလည်း တချို့စီမံကိန်းလေးတွေ လုပ်နေတာ တွေ့ရှိပါတယ်။ မပြီးသေးပါဘူး။ သို့သော် ဒါတွေကလည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အဲဒီကနေတစ်ဆင့် ကမ္ဘာကြီးနဲ့ချိတ်ဆက်တဲ့၊ အနောက်ဘက်ခြမ်းကို ချိတ်ဆက်ဖို့ သွားနိုင်တဲ့လမ်းကြောင်းတွေ ကျွန်တော်တို့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒါကတော့ ကောင်းတဲ့စီမံကိန်းတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီစီမံကိန်းကို အပြည့်အဝပူးပေါင်းဆောင်ရွက်ဖို့ ကျွန်တော်တို့ဆောင်ရွက်နေတယ်ဆိုတာကိုလည်း ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ လက်ရှိ ကမ္ဘာ့အခြေအနေကတော့ စိန်ခေါ်မှုတွေ များပါတယ်။ လက်ရှိအခြေအနေမှာဆိုရင် ကျွန်မတို့သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်က အဆိုပြုထားတဲ့ ကမ္ဘာလုံးဆိုင်ရာ အဆိုပြုချက်လေးခုရှိပါတယ်။ ဒီအဆိုပြုချက် လေးခုဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်နိုင်မယ့်အခြေအနေကို သမ္မတကြီးအနေနဲ့ ထင်မြင်ချက် သိပါရစေရှင့်။**

**နိုင်ငံတော်သမ္မတ။** ။ ကျယ်ပြန့်တဲ့ နယ်ပယ်လေးခုမှာ လုပ်ထားတဲ့ သမ္မတကြီး ရှီကျင့်ဖျင်ရဲ့ ကမ္ဘာကြီးနဲ့ပတ်သက်တဲ့ အစီအမံလေးချက်ရှိပါတယ်။ ဒါကောင်းတဲ့အရာပါပဲ။ အားလုံးလက်ခံနိုင်တဲ့ဟာပါ။ နိုင်ငံတွေရဲ့အကျိုးစီးပွားလည်း ဘာမှထိခိုက်စရာအကြောင်းမရှိပါဘူး။ တိုးတက်မှုကိုပဲ၊ ကောင်းမွန်တဲ့ရလဒ်တွေပဲ ရဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ကောင်းတဲ့စီမံကိန်းတစ်ခုလို့ မြင်ပြီးတော့ ဒါကိုထောက်ခံတဲ့အကြောင်း ကျွန်တော်ပြောခဲ့ပြီး မြန်မာနိုင်ငံကလည်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဖြေခဲ့တာရှိပါတယ်။ တကယ်လည်း ဒီနယ်ပယ် လေးခုလုံးကတော့ ကောင်းတဲ့ရည်ရွယ်ချက်နဲ့ လုပ်တဲ့ဟာတွေ ဖြစ်ပါတယ်ဆိုတာ ဘယ်လိုမှ ငြင်းလို့မရဘူးလို့ ကျွန်တော်ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ သမ္မတကြီးရှင့် နောက်ဆုံးမေးခွန်းအနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး မေးမြန်းချင်ပါတယ်။ လက်ရှိအစိုးရသစ် တက်လာပြီးနောက်ပိုင်း မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုစီမံဆောင်ရွက်သွားမယ့် အခြေအနေကို သိရှိလိုပါတယ်။**

**နိုင်ငံတော်သမ္မတ။** ။ ကျွန်တော်တို့ အစိုးရတစ်ရပ်အနေနဲ့ ကတော့ တိုင်းပြည်တိုးတက်အောင်လုပ်ဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ တိုင်းသူပြည်သားတွေ လူမှုစီးပွားဘဝတိုးတက်ဖို့ အဓိကရည်ရွယ်ပါတယ်။ လူမှုစီးပွားတိုးတက်ရမယ်။ ကျွန်တော်တို့က တိုးတက်မှုတွေလည်း နည်းနည်းနှေးကွေးနေတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကို ပိုပြီးတော့ အရှိန်မြှင့်အောင်လုပ်ဖို့အတွက် ကျွန်တော်တို့ဆုံးဖြတ်ထားတယ်။ ပြီးရင် နိုင်ငံတကာဆက်ဆံရေးတွေကောင်းအောင်၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ဆက်ဆံရေးတွေ ကောင်းအောင်လုပ်ဖို့၊ နိုင်ငံတကာဆက်ဆံရေး ကောင်းအောင်လုပ်ဖို့နဲ့ တိုင်းပြည်လည်း တိုးတက်အောင်လုပ်မယ်။ ဒါကတော့ ကျွန်တော်တို့အစိုးရရဲ့ ရည်မှန်းချက်တာဝန်ပါပဲ။

**တွေ့ဆုံမေးမြန်းသူ။ ။ သမ္မတကြီးအနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိငြိမ်းချမ်းရေးအခြေအနေကို ဘယ်လိုမြင်ပါသလဲ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ထာဝရတည်ငြိမ်အေးချမ်းဖို့ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ကို သိပါရစေရှင့်။**

**နိုင်ငံတော်သမ္မတ။** ။ နိုင်ငံငြိမ်းချမ်းရေးကတော့ သဘောထား ကွဲလွဲမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့အပေါ်မှာ အခြေခံတာပါ။ သဘောထားကွဲလွဲမှုတွေကို သဘောထားမကွဲလွဲအောင်လုပ်ဖို့က ကျွန်တော်တို့ လုပ်ရမှာပါ။ ဘယ်လိုသဘောထားကွဲလွဲတာလဲ။ နိုင်ငံရေးအရ သဘောထားကွဲလွဲတာလား၊ အုပ်ချုပ်ရေးအရ သဘောထားကွဲလွဲတာလား၊ ဒါမှမဟုတ် ယဉ်ကျေးမှုအရ သဘောထားကွဲလွဲတာလား၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲတာလား၊ ဒါတွေကို သဘောထားကွဲလွဲမှုတွေ မရှိအောင် ရအောင်အကောင်အထည်ဖော်ရမှာပါ။ ဒါကို တရားဥပဒေနဲ့အညီ သွားရမှာပါ။ ကျွန်တော်တို့က ငြိမ်းချမ်းတဲ့ခေတ် ဒီမိုကရေစီခေတ် ရောက်နေတယ်ဆိုတဲ့အတွက်ကြောင့် အားလုံးက ညှိနှိုင်းဆွေးနွေးပြီးတော့သွားရမှာပါ။ သို့သော်လည်းပဲ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေရှိပါတယ်။ ဥပဒေတွေနဲ့အညီပဲ ကျွန်တော်တို့က သွားရမှာပါ။ ဘယ်နိုင်ငံကမှ ဥပဒေကို ကျော်လွန်ပြီးတော့ လုပ်လို့မရပါဘူး။ No one above the law ဆိုပြီးတော့ ရှိပါတယ်။ ဥပဒေအထက်မှာ ဘယ်သူမှသွားလုပ်လို့မရဘူး။ ဥပဒေဘောင်အတွင်းမှာ လိုအပ်ရင်လည်း ပြင်ဆင်မှုတွေ ကျွန်တော်တို့ လုပ်ရမှာပါ။ မြန်မာနိုင်ငံမှာ ဒီလိုမျိုး လုပ်သင့်လုပ်ထိုက်တဲ့ဟာတွေကို လုပ်ဖို့ရည်ရွယ်ထားပါတယ်။ ဒါဆိုရင်တော့ မြန်မာနိုင်ငံငြိမ်းချမ်းရေးကလည်း မလွဲမသွေ ရမယ်လို့ ယုံကြည်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ အဲဒီလိုသဘောထားကွဲလွဲမှုတွေကို သဘောတူညီမှုရရှိဖို့အတွက် ဘယ်ကဏ္ဍတွေကို ဆောင်ရွက်သင့်ပါသလဲ။**

**နိုင်ငံတော်သမ္မတ။** ။ လူတွေရဲ့ဆန္ဒမှာ ဖြစ်ချင်တာကို ပြောမယ့်အစား ဖြစ်နိုင်တာကို၊ ဖြစ်သင့်တာကို ပြောမယ်ဆိုရင်တော့ သဘောထားကွဲလွဲမှုတွေ အများကြီးလျော့ကျသွားလိမ့်မယ်။ လူတွေကဖြစ်ချင်တဲ့ဆန္ဒတွေ အများကြီးရှိတယ်။ ဒါပေမယ့် ဖြစ်ချင်တာတွေက မဖြစ်နိုင်ဘူး။ ဖြစ်သင့်တာနဲ့ ဖြစ်နိုင်တာပဲ လုပ်လို့ရမယ်။ ဒါကြောင့် သဘောထားကွဲလွဲမှုတွေမှာလည်း ဖြစ်ချင်တာကို ပြောနေမယ့်အစား ဖြစ်နိုင်တာနဲ့ ဖြစ်သင့်တာကို ဆောင်ရွက်သွားမယ်ဆိုရင် ခက်ခက်ခဲခဲလုပ်စရာ မလိုဘူးလို့ ကျွန်တော်မြင်တယ်။ ဒီလိုမျိုးစိတ်တော့ ရှိဖို့လိုတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ လက်ရှိမှာ တရုတ်-မြန်မာ နှစ်နိုင်ငံဟာ ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူဝါဒနဲ့အတူ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒီငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူဝါဒနဲ့အညီ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအစိုးရသစ်နဲ့ လက်ရှိဆက်ဆံမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအပေါ်မှာ သမ္မတကြီးအနေနဲ့ ထင်မြင်ချက်ကို သိပါရစေရှင့်။**

**နိုင်ငံတော်သမ္မတ။** ။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူငါးရပ်ကတော့ကမ္ဘာမှာ စံထားရတဲ့မူတစ်ခုဖြစ်ပါတယ်။ မနေ့က သမ္မတကြီး ရှီကျင့်ဖျင်နဲ့လည်း ဒါကို ပြောပြပါတယ်။ ကမ္ဘာမှာ စံထားရမယ့်ကိစ္စ အားလုံးကလက်ခံတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်နိုင်ငံကလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူကြီး ငါးရပ်အပေါ်မှာ ယှဉ်တွဲပြီး လုပ်ရမယ်ဆိုရင် ဆွေမျိုးပေါက်ဖော်နိုင်ငံ၊ အေးအတူပူအမျှ အသိုက်အဝန်းအကျိုးခံစားတဲ့နိုင်ငံဆိုတာ ထာဝရတည်မြဲခိုင်ခံ့မှာ။ ကျွန်တော်တို့တွေပဲ အဆင်ပြေနေလို့မရဘူး၊ သားစဉ်မြေးဆက် နှစ်ပေါင်းများစွာအထိ ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှု၊ ယုံကြည်စိတ်ချရတဲ့ နှစ်နိုင်ငံအဖြစ် ရှိနေရမှာဖြစ်ပါတယ်။ ဒီလို ကျွန်တော်တို့သွားရမှာဖြစ်ပါတယ်။ နှစ်နိုင်ငံတည်းမဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးနိုင်ငံတွေအားလုံး လက်ခံကျင့်သုံးရမယ့် စနစ်တစ်ခုလို့ ကျွန်တော်ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ တရုတ်တစ်နိုင်ငံတည်းမူဝါဒဆိုတာ တရုတ်နိုင်ငံရဲ့ခိုင်မာတဲ့ သန္နိဋ္ဌာန် ဖြစ်ပါတယ်။ ဒီအပေါ်မှာ သမ္မတကြီးအနေနဲ့ ဘယ်လို သုံးသပ်ပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။** ။ တရုတ် တစ်နိုင်ငံတည်းမူဝါဒကို ကျွန်တော်တို့က ထောက်ခံတယ်ဆိုတာ ဟိုးအရင်ကတည်းက ထောက်ခံခဲ့တာပါ။ နိုင်ငံဆိုတာ တစ်နိုင်ငံတည်းရှိပါတယ်။ ကွဲပြားခြားနားတယ်ဆိုတာ မရှိပါဘူး။ တစ်နိုင်ငံတည်း မူဝါဒပဲရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒါကို အပြည့်အဝထောက်ခံတယ်။ လက်ရှိလည်း ဒီအတိုင်းပဲ ကျွန်တော်ရပ်တည်မယ်။ နောင်လည်း ဒီအတိုင်းပဲ ရပ်တည်သွားမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ သမ္မတကြီး အနေနဲ့ ဖြည့်စွက်ပြောကြားလိုတာများ ရှိပါသလားရှင့်။**

**နိုင်ငံတော်သမ္မတ။** ။ ပြည့်စုံပါတယ်။ ကျွန်တော်တို့ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကတော့ တော်တော်နက်ရှိုင်းပါတယ်။ ကျယ်လည်းကျယ်ဝန်းပါတယ်။ ဒါကို ကျွန်တော်တို့က ခိုင်ခိုင်မာမာဖြစ်အောင် ဆက်လုပ်သွားဖို့ပဲ လိုပါတယ်။ လက်ရှိကာလမှာပဲ ပြေလည်ဖို့ မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ ခိုင်မာအောင် ဆောင်ရွက်သွားဖို့ လိုပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှု၊ ချစ်ခင်မှုရှိဖို့လိုပါတယ်။ ကွဲကွဲပြားပြားဖြစ်နေလို့မရပါဘူး။ ဒေသတွင်းမှာ အားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ရှိတာကတော့အကောင်းဆုံးဖြစ်ပါတယ်၊ အိမ်နီးနားချင်းကောင်း နိုင်ငံအနေနဲ့ ကျွန်တော်တို့ ဆက်လက်ရပ်တည်ပြီး ဆောင်ရွက်သွားမယ်ဆိုတာ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ မေးမြန်းမှုများကိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**နိုင်ငံတော်သမ္မတ။** ။ ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်။

# အောင်ကြောင်းစေရည် အောင်လမ်းတည်မည့် အောင်စည်မြည်ဟည်း အောင်ခရီး(၄)

သမိုင်းဝင် ဗိသုကာလက်ရာများနှင့် ခေတ်မီမြို့ပြအခြေခံအဆောက်အအုံများကို အောင်မြင်စွာပေါင်းစပ်ထားသည့် မြို့တော်ရှန်ဟိုင်း၏ နံနက်ခင်းအလှသည် တည်ငြိမ်စွာ ဖူးပွင့်လာခဲ့လေပြီ။

ခရီးစဉ်၏ စတုတ္ထမြောက်နေ့အတွက် တစ်နေ့တာအတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းအချိန်ဇယားတို့မှာ များပြားလှသည်။ "Myanmar-China Investment and Trade Networking Summit" (MCITP–2026) Shanghai ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ခြင်း၊ “မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးဆွေးနွေးပွဲ”သို့ တက်ရောက်အမှာစကားပြောကြားခြင်း၊ လင်းကန်အထူးဇရိယာ (Shanghai Lingang Special Area) သို့ သွားရောက်လေ့လာခြင်း၊ မြို့တော်ရှန်ဟိုင်းမှ ဟန်ကျိုးမြို့သို့သွားရောက်ခြင်း၊ ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်နှင့် တွေ့ဆုံဆွေးနွေးခြင်းစသည်ဖြင့် လေးနက်ကျယ်ပြန့်သော တာဝန်ဝတ္တရားများက အရုဏ်ဦးနေ့သစ်နှင့်အတူ အသင့်စောင့်ကြိုနေပါ၏။

နိုင်ငံတော်သမ္မတ ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်များကလည်း ထိုတာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြရန်အလို့ငှာ ရှန်ဟိုင်းမြို့၏ နံနက်အရုဏ်ဦးနှင့်အတူ နိုးကြားဖျတ်လတ်စွာ အသင့်ရှိနေကြသည်။

"Myanmar-China Investment and Trade Networking Summit" (MCITP –2026) Shanghai ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ လင်းကန်အထူးဇရိယာရှိ Radisson Collection Lingang Shanghai ဟိုတယ်၌ ကျင်းပသည်။ ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ငါးနှစ်တာကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အကောင်းမွန်ဆုံး တိုးတက်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ပြုလုပ်သည့် အဆိုပါအခမ်းအနားကို နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "Myanmar-China Investment and Trade Networking Summit" (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။ (၁၈-၆-၂၀၂၆)

နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိလာသော နိုင်ငံတော်အကြီးအကဲအား Radisson Collection Lingang Shanghai ဟိုတယ်နှင့် မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)မှ တာဝန်ရှိသူများ၊ စီးပွားရေးအဖွဲ့အစည်းခေါင်းဆောင်များနှင့် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များက ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူကာ နှစ်နိုင်ငံအလံများကိုဝှေ့ယမ်း၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပုံမှာ ပေါင်းစည်းညီညွတ်ခြင်းအသွင်ကို ဖော်ပြလျက်ရှိနေပါသည်။

ဆက်လက်၍ Dishui Lake Ballroom ၌ ကျင်းပသည့် “မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးဆွေးနွေးပွဲ”သို့ တက်ရောက်ပါသည်။ တွေ့ဆုံပွဲတွင် တာဝန်ရှိသူများနှင့်အတူ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)မှ နာယကများ၊ အတိုင်ပင်ခံများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးအဖွဲ့များ၊ မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း လူဦးရေ ၆၀၀ ခန့် ပါဝင်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "Myanmar-China Investment and Trade Networking Summit" (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးစဉ်။ (၁၈-၆-၂၀၂၆)



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "Myanmar-China Investment and Trade Networking Summit"(MCITP –2026) Shanghai အတွင်း မြန်မာ-တရုတ် ကုမ္ပဏီများမှ ကဏ္ဍစုံလင်စွာ ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာစဉ်။ (၁၈-၆-၂၀၂၆)

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် အများဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃၈ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၆၀၀ ခန့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အဓိကအားဖြင့် စက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အား၊ သတ္တု၊ ဝန်ဆောင်မှု၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့တွင် ဆောင်ရွက်နေပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ဆောက်လုပ်ရေး၊ စက်မှုဇုန်တည်ဆောက်မှု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတို့တွင်လည်း ရင်းနှီးမြှုပ်နှံကြလျက်ရှိသည်။

တွေ့ဆုံပွဲ၌ နိုင်ငံတော်သမ္မတက အမှာစကားဆိုရာတွင် မြန်မာနှင့်တရုတ်တို့သည် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ အစိုးရသစ်အနေဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမကြီး (Belt and Road Initiatives-BRI) စီမံကိန်းနှင့်မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ (CMEC)တွင် မဟာဗျူဟာမြောက်ဝင်ပေါက် (Strategic Gateway)၊ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နေရာတစ်ခုဖြစ်ကြောင်း အခွင့်အလမ်းများကို ဦးစွာဖွင့်ဆိုရှင်းပြပါသည်။

နိုင်ငံတော်အကြီးအကဲက နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အရိုတရားများနှင့် အလားအလာကောင်းများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးပြီး တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို မျှဝေခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း အမှာစကားပါးသည်။ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက် ရင်းနှီးမြှုပ်နှံကြရန် ဖိတ်မန္တကပြုသည်။

ဆက်လက်၍ အရည်အသွေးမြင့် သစ်သီးဝလံများ၊ လယ်ယာထွက်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်များ၊ သဘာဝဓာတ်ငွေ့များ၊ စက်မှုကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ အပြန်အလှန်ကုန်သွယ်လျက်ရှိမှုအခြေအနေ၊ နည်းပညာကဏ္ဍဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးရှိစေမည့် Value Chain ကို ဖန်တီးနိုင်မည့်အခြေအနေ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အခြေအနေ၊ ရေနံသန့်စင်ထုတ်လုပ်ခြင်းနှင့်ရေနံထွက်ပစ္စည်းများ

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှအဆက်

ထုတ်လုပ်ခြင်းအခန်းကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကိုက်ညီသည့် လျှပ်စစ်စွမ်းအားမူဝါဒ၊ လျှပ်စစ်မော်တော်ယာဉ်ဖွံ့ဖြိုးရေး မူဝါဒများကို အားပေးဖော်ဆောင်လျက်ရှိသည့် အခြေအနေ၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ ရော်ဘာထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများ၊ မြန်မာဒစ်ဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ နှင့်ရတနာပုံဆိုက်ဘာစီးတီး(ရတနာပုံမြို့သစ်) စီမံကိန်းအဖြစ်အကောင်အထည်ဖော်လျက်ရှိမှု အခြေအနေတို့ကို အကျယ်တဝင့်ရှင်းလင်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းကြောင်းသစ်များကို ပေါ်လွင်ထင်ရှားစေခဲ့သည်။

အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှု ဆောင်ရွက်သူများအတွက် အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးသွားမည့်အကြောင်းနှင့်တာဝန်ယူမှုရှိသည့် တရုတ်ရင်းနှီးမြှုပ်နှံမှု(Responsible Investment)လုပ်ငန်းများကို ပြည်တွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကာအကွယ် ပေးမည်ဖြစ်ကြောင်း သတင်းစကားပေးပို့ခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ စီးပွားရေးအမြင်ကျယ်ပြန့်နက်ရှိုင်းမှုနှင့် သိမ်မွေ့ညင်သာသော သံတမန်စွမ်းရည်ကို ထပ်တူတွေ့မြင်ခဲ့ရသည်။ တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ ထက်သန်တက်ကြွစွာပါဝင်ဆွေးနွေးမှုများကလည်း အားရဖွယ်ဖြစ်သည်။ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ စိတ်အားထက်သန်စွာ မေးမြန်းမှုများကို မြန်မာနိုင်ငံမှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများကလည်း စေ့စပ်သေချာစွာ ပြန်လည်ဆွေးနွေးပေးကြသည်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် သီးခြားစီတွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ခရီးစဉ်ကာလအတွင်း နိုင်ငံတော်အကြီးအကဲအတွက် နားနေချိန်ဆိုသည်မှာ မရှိသလောက်ပင်။ ရောက်ရှိနေသည့်အချိန်အတွင်း အမိမြန်မာနိုင်ငံအတွက် လေ့လာသင့်သည်ကို လေ့လာ၊ ဆွေးနွေးသင့်သည်ကို ဆွေးနွေး၊ မေးမြန်းစူးစမ်းသင့်သည်ကို မေးမြန်းစူးစမ်းလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့ လင်းကန်အထူးဇုန်ယာ (Shanghai Lingang Special Area)သို့ သွားရောက်လေ့လာခဲ့ကြသည်။

လင်းကန်အထူးဇုန်ယာသည် ဂျင်ဟွေဆိပ်ကမ်း၏အရှေ့ဘက် ရှောင်ယန်ရှန် (Xiaoyangshan) ကျွန်းနှင့် ဖူတုန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၏ တောင်ဘက်တွင်တည်ရှိပြီး စုစုပေါင်းဇုန်ယာ ၈၁၉ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ လင်းကန်အထူးဇုန်ယာမှာ နိုင်ငံတကာအသိအမှတ်ပြု လွတ်လပ်သောကုန်သွယ်ရေးဇုန်ဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလည်ပတ်မှုနှင့် ကုန်ပစ္စည်းတင်သွင်းတင်ပို့မှုများကို လွယ်ကူချောမွေ့စေရန် သယ်ယူပို့ဆောင်ရေးကွန်ရက်လုပ်ဆောင်ပေးသော ဒေသဖြစ်သည်။

အထူးဇုန်ယာအတွင်း နန်ဟွေမြို့သစ်၊ လင်းကန်ပစ္စည်းကိရိယာ စက်မှုဇုန်၊ ရှောင်ယန်ရှန်ကျွန်းနှင့် ဖူတုန်းလေဆိပ်၏ တောင်ဘက်ဇုန်ယာတို့သည် စမ်းသပ်ဇုန်ယာများဖြစ်လာမည်ဖြစ်ပြီး နန်ဟွေမြို့သစ်၏ အလယ်ဗဟိုတွင် Dishuiရေကန်ပါရှိသော စက်ဝိုင်းပုံမြို့သစ် ဖြစ်လာမည်ဖြစ်သည်။ လင်းကန်ပစ္စည်းကိရိယာစက်မှုဇုန်သည် နိုင်ငံတော်အဆင့်စက်မှုဇုန်ဖြစ်ပြီး ကြီးမားသောစက်ပစ္စည်းကိရိယာများကို ထုတ်လုပ်မည်ဖြစ်ပြီး ရှောင်ယန်ရှန်ကျွန်းသည် လွတ်လပ်သော ကုန်သွယ်ရေးဇုန်၏ပံ့ပိုးမှုဖြင့် နယ်စပ်ဖြတ်ကျော်ထောက်ပံ့ပို့ဆောင်ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည့်ဇုန်ဖြစ်သည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လင်းကန်အထူးဇုန်ယာ နယ်မြေအကျဉ်းချုပ်နှင့် ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ ရေနက်ဆိပ်ကမ်းတည်ဆောက်ထားရှိမှုနှင့် လင်းကန်စက်မှုဇုန်တည်ဆောက်ထားရှိမှုမြေပုံ ပုံစံငယ်များ၊ Telsa ကုမ္ပဏီနှင့် Shanghai Motorတို့၏ ပူးပေါင်းဆောင်ရွက်မှုများ၊ အာကာသနည်းပညာစက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှု၍ သိရှိလိုသည်များကို ထဲထဲဝင်ဝင် စေ့ငုမေးမြန်းသည်။

ခရီးစဉ်စတုတ္ထမြောက်ရက်၏ ထပ်မံဦးတည်ရာမြို့မှာ ဟန်ကျိုးမြို့ဖြစ်၏။ နိုင်ငံတော်သမ္မတ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ Hongqiao Railway Station မှ ဟန်ကျိုးမြို့ Hangzhou East Railway Station သို့ High-Speed Railway G23 ဖြင့် ထွက်ခွာခဲ့ပြီး လမ်းခရီးတစ်လျှောက်တွင် ရထားပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများ၊ Green Energyအသုံးပြုထားရှိမှုများ၊ မြို့ပြအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရထားလမ်းတစ်လျှောက် သာယာလှပမှုများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဟန်ကျိုးမြို့ Hangzhou East Railway Station တွင် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၏ ကြိုဆိုနှုတ်ဆက်မှုကို ခံယူပြီးနောက် ခေတ္တတည်းခိုမည့် Huajia Shanzhuang ဟိုတယ်သို့ အထူးယာဉ်တန်းဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

ဟန်ကျိုးမြို့သည် တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ်၏ မြို့တော်နှင့် အကြီးဆုံးမြို့ကြီးဖြစ်သည်။ တရုတ်နိုင်ငံသမိုင်းတွင် ဇာတိမာန်တက်ကြွစေသော ရှေးဟောင်းမြို့ကြီးဖြစ်၍ ကမ္ဘာပေါ်တွင် အကြွယ်ဝအချမ်းသာဆုံးသော မြို့ကြီးများထဲမှ တစ်မြို့ဖြစ်သည်။ Green Tea ဟုလူသိများသော တရုတ်နိုင်ငံ၏ အကောင်းဆုံးနှင့် နာမည်အကြီးဆုံး လက်ဖက်စိမ်းနှင့် အဆင့်မြင့်ပိုးထည်များ ထွက်ရှိရာဒေသအဖြစ် သတင်းမွှေးသော အရပ်လည်းဖြစ်သည်။

ကမ္ဘာကျော် ရှီးဟူအိုင်(West Lake)၊ ကမ္ဘာ့အရှည်ဆုံး လူလုပ်တူးမြောင်းကြီးဖြစ်သည့် Grand Canal နှင့် နှစ်ပေါင်း ၅၀၀၀ ကျော် သမိုင်းကြောင်းရှိသော လျန်ကျူရှေးဟောင်းမြို့ပျက် အကြွင်းအကျန်များ (Liangzhu Ruins)ဟူ၍ ယူနက်စကိုအသိအမှတ်ပြု ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ဟန်ကျိုးမြို့သည် ယခုအခါ ရှေးဟောင်းမြို့ကြီးအဖြစ်သာမက အဆင့်မြင့်နည်းပညာနှင့် အီလက်ထရောနစ်ကုန်သွယ်မှု(E-commerce) ဗဟိုချက်မြို့ကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်သည် နိုင်ငံတော်အကြီးအကဲအား ခေတ္တတည်းခိုလျက်ရှိသည့် ဟန်ကျိုးမြို့ Huajia Shanzhuang ဟိုတယ် ဧည့်ခန်းမဆောင်သို့ လာရောက်ဂါရဝပြုတွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နည်းပညာကဏ္ဍ၊ အထည်အလိပ်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့်လက်ဖက်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။


အကြီးအကဲ၏ တစ်နေ့တာအတွင်း လေ့လာမှု၊ စူးစမ်းမေးမြန်းမှု၊ တွေ့ဆုံဆွေးနွေးမှုများမှာ မနည်းလှပေ။ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ၊ စွမ်းအင်ကဏ္ဍ၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစသည်ဖြင့် နယ်ပယ်ကဏ္ဍစုံလင်လှပါသည်။ ခရီးစဉ်အတွင်း ဤသို့အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်ခဲ့မှုများက အမိမြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့်ရလဒ်ကောင်းများကို ပြန်လည်ထွက်ပေါ်လာစေမည်ဖြစ်ပါသည်။ သို့ဖြစ်ရကား နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်မှာ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးကျေးဇူးများစွာကို လက်တွေ့ကျကျ ဆောင်ကြဉ်း ဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ရာ သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများဟုသာ ညွှန်းဆိုရမည်ဖြစ်ပါသတည်း။

**ရဲခေါင်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (၁၈-၆-၂၀၂၆)

**အကြီးအကဲ၏ တစ်နေ့တာအတွင်း လေ့လာမှု၊ စူးစမ်းမေးမြန်းမှု၊ တွေ့ဆုံဆွေးနွေးမှုများမှာ မနည်းလှပေ။ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ၊ စွမ်းအင်ကဏ္ဍ၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစသည်ဖြင့် နယ်ပယ်ကဏ္ဍစုံလင်လှပါသည်။ ခရီးစဉ်အတွင်း ဤသို့အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်ခဲ့မှုများက အမိမြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့်ရလဒ်ကောင်းများကို ပြန်လည်ထွက်ပေါ်လာစေမည်ဖြစ်ပါသည်။ သို့ဖြစ်ရကား နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်မှာ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးကျေးဇူးများစွာကို လက်တွေ့ကျကျ ဆောင်ကြဉ်းဖော်ဆောင်ပေးနိုင်ခဲ့ . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရှန်ဟိုင်းမြို့ရှိ လင်းကန်အထူးဇုန်ယာရှိ Exhibition Centre အတွင်း ကြည့်ရှုလေ့လာစဉ်။ (၁၈-၆-၂၀၂၆)

# တနင်္ဂနွေနေ့ညကစားမဲ့ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်မှာ နောက်တစ်ဆင့်တက်ရောက်ဖို့နိုင်ပွဲရှာရမဲ့ ဂျပန်အသင်း၊ ဘယ်လ်ဂျီယံအသင်း၊ အီဂျစ်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L



ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဖွင့်ပွဲတွေမှာတော့ အသင်းကြီးတွေ မထင်မှတ်ဘဲရမှတ်ဆုံးရှုံးခဲ့တာကြောင့် အခုအုပ်စုဒုတိယပွဲစဉ်မှာ အသင်းကြီးတွေအနေနဲ့ နိုင်ပွဲရမှသာနောက်တစ်ဆင့်တက်ရောက်ဖို့ သေချာမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ စပိန်အသင်း၊ ဘယ်လ်ဂျီယံ အသင်း၊ နယ်သာလန်အသင်းနဲ့ ဘရာဇီးအသင်းတို့ဟာ အဖွင့်ပွဲမှာ ပြိုင်ဘက်တွေကိုရမှတ်ခွဲပေးရတာကြောင့် ရှုံးထွက်အဆင့်ကို တက်ရောက်ဖို့အတွက် အုပ်စုဒုတိယပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲရှာရမှာပါ။ အသင်းကြီးတွေအနေနဲ့ အခုပြိုင်ပွဲမှာ အကောင်းဆုံးကစားသမားတွေနဲ့ စုဖွဲ့ခဲ့ပေမဲ့ ပြိုင်ဘက်အသင်းတွေရဲ့နည်းစနစ်ပိုင်းနဲ့ အသင်းလိုက် ကစားအားတိုးတက်လာမှုကြောင့် ရမှတ်တွေဆုံးရှုံးခဲ့ရတာကို တွေ့ရမှာပါ။ ဒါ့ပြင် ခြေစွမ်းပိုင်းမာကျောတဲ့ တူကီယဲအသင်းအနေနဲ့လဲ ဩစတြေးလျအသင်းကို နှစ်ဂိုးပြတ်ထိရှုံးနိမ့်ခဲ့တာကြောင့်လဲ လာမဲ့ ပွဲစဉ်တွေကိုချဉ်းကပ်တဲ့အခါ ကစားသမားစုဖွဲ့မှုအပြင် အသင်းလိုက် ကစားအားကောင်းတဲ့အချက်ကိုပါထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့တနင်္ဂနွေနေ့ည ပွဲစဉ်တွေမှာတော့ ကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားကောင်းတဲ့ အသင်းတွေကိုပဲ ရွေးချယ်ရမှာပါ။

## ဂျပန်အသင်း ရလဒ်ကောင်းမှာပါ

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ တူနီးရှားအသင်းနဲ့ ဂျပန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ တူနီးရှား အသင်းဟာ အုပ်စု F မှာ ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းဖြစ်တာ ကြောင့် အခုဂျပန်အသင်းနဲ့ပွဲစဉ်မှာလဲ ရှန်းကန်ရဖို့များပါတယ်။ သူတို့ အသင်းဟာ ဥရောပပြိုင်ပွဲမှာကစားနေတဲ့ ထိပ်တန်းအဆင့်ကစားသမား နည်းပါးတာကြောင့် အုပ်စုပထမပွဲစဉ်မှာ ဆွီဒင်အသင်းကို ဂိုးပြတ်ရှုံးနိမ့် ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ နောက်တန်း သုံးယောက်ထားပြီး ကွင်းလယ်ကစားအားနဲ့ပြိုင်ဘက်ကို ဖိအားပေးခဲ့ ပေမဲ့ ခံစစ်မှာနေရာလွတ်တွေဖြစ်ပေါ်ခဲ့တာကြောင့် ဂိုးတွေပေးလိုက်ရ တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ တူနီးရှားအသင်းရဲ့ကစားပုံက ဖိအားပေး ကစားနိုင်ပေမဲ့ ဆွီဒင်အသင်းခံစစ်ကိုထိုးဖောက်နိုင်ခြင်းမရှိလို့ သွင်းဂိုး တစ်ဂိုးသာသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ တူနီးရှား အသင်းက နည်းပြလာမိုချီကိုထုတ်ပယ်ပြီး နည်းပြရီနာ့ဒ်နဲ့အစားထိုး ခဲ့ပေမဲ့ ကစားသမားတွေနဲ့နည်းပြကြား နားလည်မှုရရှိဖို့ အချိန် လိုအပ်တာကြောင့် အခုပွဲစဉ်မှာ တိုက်စစ်ကစားပုံကောင်းနေတဲ့ ဂျပန် အသင်းရဲ့ဖိအားပေးမှုကိုသာ ခံရဖို့များပါတယ်။

ဂျပန်အသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ ၁၉၉၈ ခုနှစ်ကစပြီး လက်ရှိ အချိန်ထိ ပြိုင်ပွဲတိုင်းမှာခြေစစ်ပွဲအောင်မြင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ အမြင့်ဆုံး ၁၆ သင်းအဆင့်သာ ရောက်ရှိခဲ့ပေမဲ့ ၂၀၁၈ ခုနှစ်ပြိုင်ပွဲကစလို့ အုပ်စုအဆင့်ကကျော်ဖြတ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိပြိုင်ပွဲမှာလဲ သူတို့အသင်းဟာဥရောပအသင်းကြီးတွေမှာ ကစား နေတဲ့ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် အုပ်စုပထမပွဲစဉ်မှာ နယ်သာလန်လိုအသင်းကိုတောင် သရေကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဂျပန်အသင်းဟာ အပေးအယူအချိတ်အဆက်ကောင်းကောင်းနဲ့ လျင်မြန် မှုကိုဦးစားပေးကစားတာကြောင့် တူနီးရှားအသင်းလို ခံစစ်ပိုင်းအားနည်း တဲ့အသင်းကို ဖိအားပေးကစားနိုင်မှာသေချာပါတယ်။ ဂျပန်အသင်းဟာ နယ်သာလန်အသင်းနဲ့ပွဲစဉ်မှာလဲ တန်ပြန်တိုက်စစ်ကနေ ပြိုင်ဘက်ရဲ့ ခံစစ်ကြောင်းကိုထိုးဖောက်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုးထိသွင်းယူခဲ့တဲ့ ခြေစွမ်း ပိုင်းကအားရစရာဖြစ်တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ နည်းပြမိုရီယာဆု ဟာ ၃-၄-၂-၁ ကစားကွက်နဲ့ ကွင်းလယ်ပိုင်းအားပြုကစားခဲ့ပေမဲ့ အရပ်အမောင်းကောင်းတဲ့ နယ်သာလန်အသင်းရဲ့ ဖြတ်တင်ဘော တွေကိုရှင်းထုတ်ရာမှာ အားနည်းချက်တွေရှိနေတာကြောင့် ရမှတ်ခွဲယူ လိုက်ရတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲခုနစ်ပွဲမှာရှုံးပွဲမရှိခဲ့ဘဲ ဘရာဇီးလိုအသင်းကိုတောင် နိုင်ပွဲ ရထားတာကြောင့် အခုပွဲစဉ်မှာအဘက်ဘက်က အားနည်းချက်တွေရှိ နေတဲ့ တူနီးရှားအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ဖို့ သေချာနေတာ ဖြစ်လို့ ဂျပန်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**တူနီးရှားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟောတီ | ၀ | - | ၁ | တူနီးရှား |
| ကနေဒါ | ၀ | - | ၀ | တူနီးရှား |
| ဩစတြီးယား | ၁ | - | ၀ | တူနီးရှား |
| ဘယ်လ်ဂျီယံ | ၅ | - | ၀ | တူနီးရှား |
| ဆွီဒင် | ၅ | - | ၁ | တူနီးရှား |

**ဂျပန်အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျပန် | ၃ | - | ၀ | ဘိုလီဗီးယား |
| စကော့တလန် | ၀ | - | ၁ | ဂျပန် |
| အင်္ဂလန် | ၀ | - | ၁ | ဂျပန် |
| ဂျပန် | ၁ | - | ၀ | အိုက်စလန် |
| နယ်သာလန် | ၂ | - | ၂ | ဂျပန် |

## ဘယ်လ်ဂျီယံအသင်း နိုင်ပွဲရမှာပါ

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု G ဒုတိယပွဲစဉ်မှာ အကြိုက်တွေ့တာ ကတော့ ဘယ်လ်ဂျီယံအသင်းနဲ့ အီရန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် ၉ မှာရပ်တည်နေတဲ့ ဘယ်လ်ဂျီယံအသင်းဟာ အခုအုပ်စုမှာ အီရန်၊ အီဂျစ်၊ နယူးဇီလန်အသင်းတို့နဲ့ကစားရလို့ ပွဲစဉ်ချောင်ပေမဲ့ အဖွင့်ပွဲစဉ်မှာ အီဂျစ်အသင်းကို တစ်ဂိုးစီသရေရလဒ်သာကစားနိုင်ခဲ့ပြီး ရမှတ်ခွဲပေးလိုက်ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် အုပ်စုအဆင့်က ကျော်ဖြတ်နိုင်ဖို့ဆိုရင် အခုပွဲစဉ်မှာနိုင်ပွဲရှာရမှာပြီး နည်းပြဂါစီယာ အနေနဲ့တိုက်စစ်ဖွင့်ကစားလာဖို့များပါတယ်။သူတို့နှစ်သင်းဟာ သမိုင်း တစ်လျှောက်ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းမရှိပေမဲ့ ဘောလုံးအဆင့်အတန်းနဲ့ စွမ်းဆောင်ရည်မှာ ဘယ်လ်ဂျီယံအသင်းက အသာရနေတာကို တွေ့ရမှာပါ။

အီရန်အသင်းဟာ ကမ္ဘာ့အဆင့် ၂၀ မှာရပ်တည်နေတဲ့အသင်းဖြစ်ပြီး ကမ္ဘာ့ဖလားမတိုင်မီ ကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲ ရှုံး ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းနှစ်တွေမှာ အီရန် အသင်းဟာ ကစားပုံတိုးတက်လာခဲ့ပေမဲ့ အသင်းလိုက်ကစားအားမရှိ တာကြောင့် ကမ္ဘာ့ဖလားမှာနောက်တစ်ဆင့်တက်ရောက်ဖို့ရှန်းကန်နေရ တာဖြစ်ပါတယ်။ လက်ရှိပြိုင်ပွဲမှာလဲ အုပ်စုအဖွင့်ပွဲမှာ အာရှဇုန်က နယူးဇီလန်အသင်းနဲ့ကစားခဲ့ရပေမဲ့ ပြိုင်ဘက်ရဲ့ဖိအားပေးမှုကို ပွဲချိန် ပြည့်ခံခဲ့ရပြီး နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ဘယ်လ်ဂျီယံအသင်းကလဲ အခုပွဲကိုသရေရလဒ်ထွက်ပေါ်ခဲ့ရင် အုပ်စု ကကျော်ဖြတ်ဖို့ရှန်းကန်ရမှာဖြစ်လို့ နည်းပြဂါစီယာအနေနဲ့ အဓိက ကစားသမားအစုံအလင်နဲ့ပွဲထွက်လာမှာသေချာပါတယ်။ ဒါ့ပြင် ဒီနှစ် သင်းရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံမှာလဲ ဘယ်လ်ဂျီယံအသင်း အသာရနေတာကြောင့် အခုပွဲမှာဘယ်လ်ဂျီယံအသင်းပဲ နိုင်ပွဲရသွားမှာပါ။

**ဘယ်လ်ဂျီယံအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမေရိကန် | ၂ | - | ၅ | ဘယ်လ်ဂျီယံ |
| မက္ကဆီကို | ၁ | - | ၁ | ဘယ်လ်ဂျီယံ |
| ခရိုအေးရှား | ၀ | - | ၂ | ဘယ်လ်ဂျီယံ |
| ဘယ်လ်ဂျီယံ | ၅ | - | ၀ | တူနီးရှား |
| ဘယ်လ်ဂျီယံ | ၁ | - | ၁ | အီဂျစ် |

**အီရန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီရန် | ၀ | - | ၀ | ကိတ်ဗာဒီ |
| ဥဇဘတ်ကစ္စတန် | ၀ | - | ၀ | အီရန် |
| အီရန် | ၁ | - | ၂ | နိုင်ဂျီးရီးယား |
| အီရန် | ၃ | - | ၁ | ဂမ်ဘီယာ |
| အီရန် | ၂ | - | ၂ | နယူးဇီလန် |

## အီဂျစ်အသင်း နိုင်ပွဲရမှာပါ

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု G ရဲ့ ဒုတိယပွဲစဉ်မှာ နောက်ထပ်အကြိုက် တွေ့တာကတော့ နယူးဇီလန်အသင်းနဲ့ အီဂျစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါ တယ်။ နယူးဇီလန်အနေနဲ့ အခုပြိုင်ပွဲကို play-off အဆင့်ကနေ ဝင်ရောက်ကစားခွင့်ရခဲ့တဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းကလဲ ဥရောပကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ကစားသမားတွေနဲ့ စုဖွဲ့ ထားပေမဲ့ တိုက်စစ်မှူးခရစ်ဝုဒ်တစ်ယောက်သာ ခြေစွမ်းပိုင်းကောင်းတဲ့ ကစားသမားအဖြစ်ရှိနေတာကြောင့် အီဂျစ်အသင်းလို ထိပ်တန်းအဆင့် ကစားသမားတွေနဲ့ အသင်းလိုက်ကစားအားကောင်းတဲ့ ကစားသမား တွေကိုယှဉ်နိုင်ဖို့တော့ခက်မှာပါ။ အခုပွဲစဉ်မှာတော့ နယူးဇီလန်အနေနဲ့ ခံစစ်ကစားပုံမပြောင်နိုင်ရင်တော့ ဆာလာဟ်၊ မာမွတ်တို့လိုထိပ်တန်းကစား သမားတွေကို ထိန်းချုပ်နိုင်မှာမဟုတ်ဘဲ ရှုံးပွဲကြုံသွားမှာသေချာပါတယ်။

အီဂျစ်အသင်းဟာ ကမ္ဘာ့အဆင့် ၂၉ မှာရှိနေတာကြောင့် နယူးဇီလန်နဲ့ ယှဉ်ရင် ဘောလုံးအဆင့်အတန်းမြင့်မားတဲ့အသင်းဖြစ်ပါတယ်။ လက်ရှိ မှာလဲ သူတို့အသင်းအနေနဲ့ ဥရောပအသင်းတွေမှာ ခြေစွမ်းပြနေတဲ့ ဆာလာဟ်၊ မာမွတ်၊ ဟမ်ဇာ၊ ဟာဆန်တို့လိုကစားသမားတွေရှိတာ ကြောင့် အခုအုပ်စုမှာ ဒုတိယမြောက်ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းဖြစ်ပါတယ်။ ဒါ့ပြင် အီဂျစ်အသင်းဟာ ကမ္ဘာ့ဖလားမတိုင်မီ ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာလဲ ဘရာဇီးအသင်းကိုသာရှုံးခဲ့ပြီး စပိန်၊ နိုင်ဂျီးရီးယား၊ ရုရှား၊ ဆော်ဒီအာရေဗျအသင်းတို့နဲ့ပွဲတွေမှာ ရမှတ် ရှာဖွေနိုင်တဲ့ခြေစွမ်းပိုင်းကအားရစရာပါ။ သူတို့နှစ်သင်း ထိပ်တိုက် တွေ့ဆုံခဲ့တဲ့ခြေစမ်းပွဲမှာလဲ အီဂျစ်အသင်းက နိုင်ပွဲခဲ့ရတာကြောင့် အခု ပွဲမှာလဲ အဘက်ဘက်ကသာနေပြီး နောက်တစ်ဆင့်တက်ရောက်ဖို့ နိုင်ပွဲ ရှာမဲ့အီဂျစ်အသင်းကိုပဲ ရွေးရမှာပါ။

**နယူးဇီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးဇီလန် | ၀ | - | ၂ | ဖင်လန် |
| နယူးဇီလန် | ၄ | - | ၁ | ချီလီ |
| ဟောတီ | ၄ | - | ၀ | နယူးဇီလန် |
| အင်္ဂလန် | ၁ | - | ၀ | နယူးဇီလန် |
| အီရန် | ၂ | - | ၂ | နယူးဇီလန် |

**အီဂျစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆော်ဒီအာရေဗျ | ၀ | - | ၄ | အီဂျစ် |
| စပိန် | ၀ | - | ၀ | အီဂျစ် |
| အီဂျစ် | ၁ | - | ၀ | ရုရှား |
| ဘရာဇီး | ၂ | - | ၁ | အီဂျစ် |
| ဘယ်လ်ဂျီယံ | ၁ | - | ၁ | အီဂျစ် |

## နိုင်ငံတကာ သတင်းများ

# အီရန်နှင့် အမေရိကန်နိုင်ငံတို့၏ ဘာဂျင်စတော့ခ်ဆွေးနွေးပွဲ ဖျက်သိမ်း



**ဒူးရစ် ဇွန် ၁၉**

အီရန်ပဋိပက္ခကို အဆုံးသတ်ပေးမည့်သဘောတူညီချက် ရယူရေးအတွက် အမေရိကန်နှင့် အီရန်နှစ်နိုင်ငံ တာဝန်ရှိသူများကြား တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကိုဖျက်သိမ်းထားကြောင်း ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်အစိုးရ တာဝန်ရှိသူများနှင့် အီရန်တာဝန်ရှိသူများသည် ဆွစ်ဇလန်နိုင်ငံ ဘာဂျင်စတော့ခ် တောင်ပေါ်အပန်းဖြေမြို့၌ ယနေ့တွင် ကျင်းပရန်စီစဉ်ထားသည်။

သို့ရာတွင် လက်ရှိ အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ ဘာဂျင်စတော့ခ်ဆွေးနွေးပွဲကို ဖျက်သိမ်းထားကြောင်း ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အီရန် တာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးရေးအတွက် ဆွစ်ဇာလန်နိုင်ငံသို့ သွားရောက်မည့်အစီအစဉ်ကို အမေရိကန် ဒုတိယသမ္မတ ဂျေဒီဗင့်စ်က ဖျက်သိမ်းခဲ့ပြီးနောက် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါသတင်းထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဘာဂျင်စတော့ခ် ဆွေးနွေးပွဲ အစီအစဉ် ပျက်ပြားခဲ့ပြီးနောက် အီရန်ပဋိပက္ခပြီးဆုံးရေး သဘောတူညီချက်တစ်ရပ် ရယူရေးအတွက် မရေမရာအခြေအနေများ ပေါ်ထွက်လာခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ဇွန် ၁၈ ရက်တွင် သုံးလကျော်ကြာ အီရန်ပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက် တစ်ရပ်ကို ရယူထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# သမ္မတရာထူး သက်တမ်းထပ်တိုးရေးဥပဒေကြမ်း ဇင်ဘာဘွေအောက်လွှတ်တော် အတည်ပြု

**ဟာရဲရား ဇွန် ၁၉**

သမ္မတရာထူး သက်တမ်းကို လက်ရှိ ငါးနှစ်မှ ခုနစ်နှစ်ထိ တိုးမြှင့်ပေးထားသော ဥပဒေကြမ်းကို ဇင်ဘာဘွေအောက်လွှတ်တော်က ဇွန်၁၈ ရက်တွင် အတည်ပြုခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဥပဒေကြမ်းအရ လက်ရှိ ဇင်ဘာဘွေသမ္မတ အမ်မာဆန်အမ်နန်ဂါဂွာ အနေဖြင့် ၂၀၃၀ ပြည့်နှစ်ထိ သမ္မတရာထူးကို ဆက်လက်ရယူနိုင်မည်ဖြစ်သည်။

သမ္မတရာထူး သက်တမ်းတိုးမြှင့်ရေး ဥပဒေကြမ်းကို ဇင်ဘာဘွေအောက်လွှတ်တော်က ဇွန် ၁၈ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လွှတ်တော်အမတ် ၂၁၆ ဦးတို့က ထောက်ခံမဲပေးခဲ့ကြသည်။

ဇင်ဘာဘွေအောက်လွှတ်တော် အနေဖြင့် ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုရေးအတွက် လွှတ်တော်အမတ် အနည်းဆုံး ၁၈၇ ဦး၏ ထောက်ခံမဲရရှိရန် လိုအပ်သည်။

သမ္မတရာထူး သက်တမ်း ထပ်တိုးရေး ဥပဒေကြမ်းကို ဇင်ဘာဘွေအောက်လွှတ်တော်က အတည်ပြုခဲ့ပြီးနောက် ဇင်ဘာဘွေ အထက်လွှတ်တော်က ထပ်မံအတည်ပြုပေးမည်ဖြစ်သည်။

လက်ရှိဥပဒေများအရ အသက် ၈၃ နှစ်အရွယ် ဇင်ဘာဘွေသမ္မတ အမ်နန်ဂါဂွာ၏ သမ္မတရာထူး သက်တမ်းမှာ ၂၀၂၈ ခုနှစ်တွင် ကုန်ဆုံးမည် ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ရွေးကောက်ပွဲစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရန် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင် တိုက်တွန်းပြောကြား




**ဆိုးလ် ဇွန် ၁၉**

တောင်ကိုရီးယား နိုင်ငံ၏ ရွေးကောက်ပွဲစီမံခန့်ခွဲမှု စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲရန် လိုကြောင်း သမ္မတ လီဂျေးမြောင်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဇွန် ၃ ရက်တွင် ကျင်းပခဲ့သည့် ဒေသန္တရ ရွေးကောက်ပွဲများ၌ ဆန္ဒမဲလက်မှတ်များ ပြတ်လပ်ခဲ့ပြီးနောက် တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒေသန္တရ ရွေးကောက်ပွဲများ၌ ဆန္ဒမဲလက်မှတ်များ ပြတ်လပ်မှုနှင့်ပတ်သက်၍ သမ္မတ လီဂျေးမြောင်က ရှုတ်ချကြောင်း ဝေဖန်ပြောကြားထားသည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် တောင်ကိုရီးယား ရွေးကောက်ပွဲစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်ပြုပြင်ပြောင်းလဲရမည် ဖြစ်ကြောင်း သမ္မတလီဂျေးမြောင်က ပြောကြားထားသည်။

ဇွန် ၃ ရက် ဒေသန္တရ ရွေးကောက်ပွဲ၌ ဆန္ဒမဲလက်မှတ် ပြတ်လပ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံ၌ ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့သည်။

လက်ရှိတွင် တောင်ကိုရီးယား လွှတ်တော်က ဆန္ဒမဲလက်မှတ် ပြတ်လပ်မှုနှင့်ပတ်သက်၍ အမျိုးသား ရွေးကောက်ပွဲကော်မရှင်ကို စုံစမ်းစစ်ဆေးမှု စတင်နေပြီ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အရေးပေါ်စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းအစီအမံများ ကျူးဘားကွန်မြူနစ်ပါတီ သဘောတူ

**ဟာဗားနား ဇွန် ၁၉**

လွတ်လပ်သည့် ဈေးကွက် ဖော်ဆောင်ရေးကို ရည်ရွယ်သည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု အရေးပေါ်စီမံချက်ကို ကျူးဘားကွန်မြူနစ်ပါတီက သဘောတူထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရေးအတွက် အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့က ဖိအားပေးနေချိန်တွင် အဆိုပါ အရေးပေါ်စီမံချက်များကို ကျူးဘားကွန်မြူနစ်ပါတီက ဇွန် ၁၈ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ကျူးဘား ကွန်မြူနစ်ပါတီက အတည်ပြုခဲ့သည့် အရေးပေါ် စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်သည် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများ ရပ်တည်ရှင်သန်ခွင့်အတွက် လမ်းဖွင့်ပေးထားသည်။




အဆိုပါ အရေးပေါ်စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းအစီအစဉ်များကို ကျူးဘားကွန်မြူနစ်ပါတီက ကျူးဘားအမျိုးသား လွှတ်တော်သို့ ဇွန် ၁၈ ရက်တွင် တင်သွင်းထားသည်။

အဆိုပါ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်း အစီအစဉ်၏ အသေးစိတ် အချက်အလက်များကို ကျူးဘားအစိုးရက ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် စီးပွားရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ကျူးဘားနိုင်ငံကို ဖိအားပေးထားပြီး ကျူးဘားခေါင်းဆောင်များကိုလည်း အရေးယူပိတ်ဆို့မှုများ ပြုလုပ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဂျပန်နိုင်ငံ၌ အခြေခံပညာစာသင်ကျောင်း မီးလောင် ကျောင်းသားနှင့် ကျောင်းဆရာဦးရေ ၃၀၀ ခန့်ကို ကယ်ထုတ်ခဲ့ရ

**တိုကျို ဇွန် ၁၉**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အခြေခံပညာ ကျောင်းတစ်ကျောင်း၌ ယနေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ တစ်ဦး ဒဏ်ရာရရှိခဲ့သော်လည်း ကျောင်းသားများနှင့် ကျောင်းဝန်ထမ်းအားလုံးကို ဘေးကင်းရာသို့ ခေါ်ထုတ်ပေးနိုင်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့် အခြေခံပညာ စာသင်ကျောင်းမှာ တာကီနိုဂါဝါ အမှတ်(၃) အခြေခံပညာကျောင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ၊ ကျောင်းဆရာဦးရေ ၃၀၀ ခန့်ကို ဘေးကင်းလုံခြုံစွာ ကယ်ထုတ်နိုင်ခဲ့ကြောင်း တိုကျိုမီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါမီးလောင်မှုသည် လေးထပ်စာသင်ကျောင်း၏ အပေါ်ဆုံးထပ် ဂီတပညာသင်ကြားရေးအခန်းအနီး စတင်ခဲ့ခြင်းဖြစ်သည်။

တာကီနိုဂါဝါ အမှတ်(၃) အခြေခံပညာ စာသင်ကျောင်း မီးလောင်မှုကို မီးသတ်ယာဉ် အများအပြားက ဝိုင်းဝန်း ငြှိမ်းသတ်ခဲ့ကြရသည်။

စာသင်ကျောင်း မီးလောင်မှု အတွင်း မီးခိုးငွေ့များရှူရှိုက်မိခဲ့ခြင်းကြောင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသူအချို့ရှိခဲ့ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် စာသင်ကျောင်း မီးလောင်မှုဖြစ်ပွားရခြင်း နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation visit high-tech industries in Hangzhou, Zhejiang Province




**President U Min Aung Hlaing observes robot at Unitree Robotics Co., Ltd.**

**Nay Pyi Taw June 19**

President of the Republic of the Union of Myanmar U Min Aung Hlaing, who was on a State Visit to the People's Republic of China at the invitation of President of PRC Mr. Xi Jinping, accompanied by members of the delegation and officials, visited high-tech industries in Hangzhou, Zhejiang Province, today.



**President U Min Aung Hlaing observes a vehicle at Zhejiang Leapmotor Technology Co., Ltd.**



**President U Min Aung Hlaing observes production process of bamboo fibres at Zhejiang Qingshi New Material Technology Co., Ltd.**

**Zhejiang Leapmotor Technology Co., Ltd.**

The President and party arrived at the Zhejiang Leapmotor Technology Co., Ltd and were heartily welcomed by Chairman of the company Mr. Zhu Jiangming and officials.

The President and party visited the booths, displaying historical points of the company, factory details and its monthly and annual capacities, car parts produced by the factory and manufactured vehicles, stages of the car assembling process, and the finishing touches with keen interest. The President heard the reports presented by officials, and asked for further information.

Located in Hangzhou, Zhejiang Province, the Zhejiang Leapmotor Technology Co., Ltd is a leading electric vehicle manufacturer. Up to this date, the company has made investments in over 50 companies for research on production and car parts manufacturing. It is now inventing and producing 65 percent of the car part production, aiming to increase the production capacity to 80 percent. It ranks third in China's electric vehicle manufacturing sector, and sixth in the global sector. It exported over 60,000 electric vehicles in 2025, and set the export target for 2026 at over 100,000.

After visiting the booths, the company chairman and the President exchanged commemorative gifts.

**Zhejiang Qingshi New Material Technology Co., Ltd.,**

The President and the high-level Myanmar delegation proceeded to Zhejiang Qingshi New Material Technology Co., Ltd., and were warmly welcomed by Chairman Mr. Du Guoping and officials there.

The chairman and officials reported on the selection of premium bamboo through research to produce bamboo fibers, using non-chemical physio-biotechnology, blending bamboo fibers with various kinds of other fibers in accord with the set ratio to manufacture cloths and household items. The President asked questions to dig more into the issues.

The Zhejiang Qingshi New Material Technology Co., Ltd., is a technology-driven private firm, with its base in Xiaoshan District of Hangzhou, Zhejiang Province, China. Its main products include quality bamboo fibers and bamboo fiber blended fibers and textiles. The company is also providing customized manufacturing according to customer specifications. It had the production capacity of manufacturing 18,000 tons of bamboo fibers with a 99.2 percent natural antibacterial efficacy in 2025. Although the company's head office is in Hangzhou, its bamboo fiber and textile production factory is in Nanping, Fujian Province, where large areas of bamboo forest are found.

The company chairman presented a special gift made from bamboo fiber to the President, who in return, gave him a gift.

The President signed the visitor's book of the company.

The President observed the different stages of the production process including manufacturing of bamboo fibers with machines, blending of bamboo fibers with other fibers to produce a variety of yarn. The President heard a report presented by officials, asked for more information and cordially greeted them.

**Unitree Robotics Co., Ltd.**

In the afternoon, the President and delegation visited Unitree Robotics Co., Ltd., and were heartily welcomed by the company chairman and officials, and robots of the company also welcomed the President by writing the word "Myanmar" in Myanmar language.

The President was conducted round the robots produced by the factory and part-by-part production process by officials.

The President and party keenly observed the demonstration of quadruped robots, humanoid robots, AI model installed robots that acted like man, use of robots during natural disasters, robots performing traditional dances to the accompaniment of Myanmar musical tune and Chinese musical tune, robots playing boxing, use of robots in factories, homes and services. The President asked for further information.

The Unitree Robotics Co., Ltd. Is a globally renowned private robot company with its head office located in Hangzhou. Established in 2016, the company is now conducting research on and producing quadruped robots, humanoid robots, Ai model installed robots. It is specially prioritizing technological innovation and producing all the required accessories such as AI technologies, and motion control algorithms by itself.

The company chairman presented a specially made robot to the President, who in return, presented commemorative gifts and cordially greeted him.

MNA

# President U Min Aung Hlaing responds to queries raised by CCTV

President of the Republic of the Union of Myanmar U Min Aung Hlaing during his State Visit to China at the invitation of Chinese President Mr Xi Jinping gave an interview to Ms Zou Yun, the top news presentor of CCTV news agency at the reception hall of the Diaoyutai State Guest House on 17 June. The full test of the translated answers of the President to CCTV news agency is as follows:

**Interviewer:** Hello, President U Min Aung Hlaing. This visit marks your first goodwill trip to China since assuming office as President in April. Accompanying you on this visit are six Union-level ministers and several senior military officials. So, I notice it is a high-level delegation. What outcomes do you hope to achieve from this goodwill visit to China?

**President U Min Aung Hlaing:** That is correct. Since I assumed my responsibilities as Head of State on 10 April, I have sought to further strengthen relations between our new government and China. At the invitation of President Xi Jinping, I have come to China with that objective in mind. The main purpose of this visit is to enhance comprehensive cooperation with China in support of Myanmar's development and progress. We aim to expand cooperation across various sectors between Myanmar and China, encourage Chinese investment in Myanmar, promote bilateral trade, and strengthen collaboration on border security and stability. As we are the countries with "pauk-phaw" (fraternal) relations, this is my first official state-level goodwill visit to China.

**Interviewer:** Mr President, you said that China and Myanmar share a long common border and are trustworthy friends. You also noted that the two countries are partners in building a community with a shared future, standing together through both good times and difficult times. How do you view this relationship?

**President:** Myanmar and China have enjoyed a long history of relations. Our friendship did not begin recently; we have long been good neighbours. The two countries share a border of more than 2,000 kilometres. As you have just mentioned, our countries are pauk-phaw (fraternal) nations. We have reached agreements to build a community that shares both opportunities and challenges, as well as mutual benefits. Therefore, I believe that relations between Myanmar and China are not based solely on our shared border. They are also founded on the longstanding friendship and goodwill between our two peoples. For that reason, we should continue working to further strengthen and enhance our bilateral relationship.

**Interviewer:** Our President, Xi Jinping, has also referred to the Myanmar-China relationship as pauk-phaw (fraternal friendship). In Chinese, the term is rendered as baobo. This Chinese expression is derived from the Myanmar term pauk-phaw, which carries the meaning of kinship or fraternal ties. How do you view this expression and its significance?

**President:** This is closely related to my earlier answer. Myanmar and China share a long history of relations. The term "relatives" refers to people connected by blood ties. In essence, such a relationship symbolises a close and trustworthy bond. Within a family, there are brothers and sisters, parents, nephews and nieces—all of whom belong to the same family circle. Likewise, the term pauk-phaw conveys the idea of kinship and familial closeness. The expression pauk-phaw has long been used to describe the relationship between Myanmar and China because it reflects the view that the peoples of the two countries are bound together by ties akin to those of relatives and family members.



**President U Min Aung Hlaing gives an interview to Ms Zou Yun, the top news presentor of CCTV news agency.**

**Interviewer:** Mr President, you have met Chinese President Xi Jinping on many occasions. How do you view him, and what kind of leader do you think he is?

**President:** President Xi Jinping is not only a leader who is genuinely committed to improving his country, but also someone whose views reflect a desire for a world in which all people are treated equally and live in harmony. From my discussions with him, I have seen that he supports the idea of building a community with a shared future, where countries stand together through both good times and difficult times. Whenever I meet him, he consistently emphasises the importance of peace, stability, security and development. I have noticed that these are themes he almost always raises during our meetings. I have visited China many times. My first visit was in 2007. After that, I did not return after 2019 until I visited again in 2024. When I first came to China, President Xi was serving as Vice President. Later, after he became President, we continued to meet and hold discussions. Over the years, I have observed tremendous changes throughout China. Every region has undergone significant development. China is a vast country, both in terms of territory and population. With a population of more than 1.4 billion people—roughly one-fifth of the world's population—it is no easy task to ensure balanced development and progress for all. Achieving that requires exceptional leadership. I have seen the capability and vision of China's leadership, and for that reason I have great admiration for President Xi Jinping.

**Interviewer:** Mr President, it is understood that you have previously visited China. Based on that experience, how do you understand the essence of Chinese modernization and the path it follows?

**President:** This is related to my previous answer. Modern China has made remarkable progress. Its development has been extremely rapid, and the pace of advancement is impressive. Whenever a new technology emerges and makes the news, by the time we study it, another innovation has already appeared. This reflects the hard work and dedication of China's younger generation. We can see that Chinese young people are energetic, ambitious and highly motivated. They have a strong desire to work, innovate and achieve results. As a result, progress can be seen everywhere. I have visited not only the places you mentioned but also many other provinces across China. Almost all of them have experienced significant development. Another point I have observed is that development is relatively balanced. The differences are not excessive. The conditions in Beijing, Shanghai, Chongqing and Guangzhou are not vastly different from one another. Each city is developing in its own way while maintaining a reasonable degree of balance. From what I have seen, the balanced nature of China's development is particularly noteworthy. I believe the progress achieved by modern China offers a valuable example that we can learn from.

**Interviewer:** We understand that during this visit you are scheduled to meet with business leaders in Shanghai. On the day of your arrival, you also visited the Aerospace Science and Technology Corporation. It is also reported that you will observe a robotics factory in Hangzhou. In this context, in which areas do you think China-Myanmar cooperation can be further enhanced?

**President:** China-Myanmar cooperation can be promoted in many sectors. These include industry, technology, culture, health, sports, and many other fields. Since China is a country that has achieved broad-based development across multiple sectors, there is strong potential for cooperation between our two countries in various areas. During this visit, as I have been learning extensively, we also plan to hold a trade exhibition in Shanghai. This exhibition will promote China–Myanmar economic cooperation. Myanmar products will be displayed, and Chinese companies will also present their goods and services. I will personally attend, observe, and consider which areas we should begin cooperation in. Therefore, I see strong potential for cooperation across multiple sectors.

China is a global leader in artificial intelligence. It is also truly at the forefront of aerospace technology. During our recent visit, we observed that only three countries—the United States, Russia, and China—have successfully landed on the Moon. China is the third country to achieve this and is therefore one of the leading nations in space technology. We are already in discussions on cooperation in the space sector. In the near future, we also plan to launch a small satellite. This is a joint satellite project with China. There are opportunities for cooperation in space, AI, and IT-related fields. I see clear potential for collaboration with China in all these areas.

**Interviewer:** Last year you visited Sichuan Province and took the opportunity to extensively study architectural designs from Chinese engineers that are suitable for Myanmar's hot and humid climate, as well as disaster risk reduction measures and post-disaster reconstruction experiences. How do you plan to apply these findings in Myanmar?

ပြည်မဲဆန္ဒနယ်မှ ဦးမျိုး ခေါ် ဦးမျိုးအောင်၏ **မြို့နယ်အလိုက်အသုံးပြုနေသော အင်တာနက်ဝိုင်ဖိုင်ကြိုးများ စနစ်တကျသွယ်တန်းဆောင်ရွက်ခြင်းနှင့် ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဖိုင်ဘာကေဘယ်များ စနစ်တကျသွယ်တန်းဆောင်ရွက်နိုင်ရေး လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဓိကမြို့ကြီးများဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် ရှုပ်ထွေးလာသော ဖိုင်ဘာကေဘယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို အစီအမံဖြင့် ယခုစတင်ပြီး ဖိုင်ဘာကေဘယ်များ ရှင်းလင်းခြင်း၊ ဆက်သွယ်ရေးတိုင်များ များပြားရှုပ်ထွေးနေမှုကို Port Sharing လုပ်ခြင်းဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီ အမြင်တင့်တယ်စေရန် ဆောင်ရွက်ခြင်း၊ မြေပေါ်ရှိ ဖိုင်ဘာကေဘယ်များကို မြေအောက်သို့ ပြောင်းရွှေ့တည်ဆောက်ခြင်းကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၏ **ဖောင်းပြင်မြို့နယ်အတွင်းရှိ မိုဘိုင်းဖုန်းအသုံးပြုသူများမှာ MPT၊ ATOM၊ U9၊ MYTEL တို့၏ မိုဘိုင်းကွန်ရက်များ ယနေ့ထိ အသုံးပြု၍မရပါသဖြင့် အော်ပရေတာ လေးခုအနက်မှ အော်ပရေတာတစ်ခုကို ဆက်သွယ်အသုံးပြုခွင့်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ဖောင်းပြင်မြို့နယ်တွင် MPT၊ ATOM၊ U9၊ Mytel မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့်ချိတ်ဆက်၍ ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သို့သော် ဒေသတွင်းတိုက်ပွဲများကြောင့် ဖောင်းပြင်မြို့သို့ ချိတ်ဆက်ထားသော ပျဉ်ကိုင်း-ဖောင်းပြင်ကြားရှိ ဖိုင်ဘာဆက်ကြောင်း၊ ကလေး-ခမ်းပတ်-ဖောင်းပြင် အရန်မိုက္ကရိုဝေ့ဆက်ကြောင်းတို့ပြတ်တောက်ခဲ့ပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများ ရပ်ဆိုင်းသွားခဲ့ပါကြောင်း။

ဖိုင်ဘာဆက်ကြောင်းများနှင့် မိုက္ကရိုဝေ့ဆက်ကြောင်းများ သွားရောက်ပြုပြင်ဆောင် ရွက်နိုင်ရန်အတွက် ယခုအချိန်တွင် နယ်မြေလုံခြုံရေးအခြေအနေအရ အခက်အခဲရှိနေပါကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုပေါ်မူတည်၍ ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားမဝင်လောင်းကစား Website နှင့် Application များမှတစ်ဆင့် လောင်းကစားပြုလုပ်သူများသည် Digital E-Money များဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါ E-Money အကောင့်များကို ဖော်ထုတ်ဖျက်သိမ်းပေးရန်နှင့် ၎င်းတို့အသုံးပြုသော Mobile Phone နံပါတ်များကို ဖျက်သိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို အမြစ်ပြတ် အရေးယူဆောင်ရွက်နိုင်ရန် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ Slot Game နှင့် လောင်းကစားအေးဂျင့်များ ကြော်ငြာနေခြင်းနှင့်ပတ်သက်ပြီး လောင်းကစား Website နှင့် Application များကို ပြည်တွင်း Internet Gateway များက ပိတ်ပင်တားဆီးထားရန် အင်တာနက်ဝန်ဆောင်မှုပေးလျက်ရှိသည့် ကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

Slot Game များကို ကြော်ငြာလက်ခံ၊ ရိုက်ကူးထုတ်လွှင့်ခဲ့သည့် သရုပ်ဆောင်များ၊ အခြားထင်ပေါ်ကျော်ကြားသူများကိုလည်း တရားဥပဒေနှင့်အညီ တရားစွဲဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လူမှုကွန်ရက် ပလက်ဖောင်းများမှတစ်ဆင့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၏နောက်ကွယ်ရှိ ဆိုက်ဘာလိမ်လည်မှု အန္တရာယ်များ၊ ငွေကြေးဆုံးရှုံးနိုင်ခြေများနှင့် ကိုယ်ရေးအချက်အလက်ခိုးယူခံရနိုင်သည့်အခြေအနေများကို ပြည်သူလူထုထံသို့ သတိပေးထုတ်ပြန်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်၏ **ကုမ္ပဏီများက WIFI လိုင်းများ၊ Internet Package များ ရောင်းချရာတွင် မူလစာချုပ်ပါစည်းမျဉ်းများတွင် မည်ကဲ့သို့ ချုပ်ဆိုထားသည်ကို တိကျစွာ အသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသောကုမ္ပဏီများကို စိစစ်၍ လုပ်ငန်းလိုင်စင်များ ချထားပေးပြီး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသုံးပြုသူများက အင်တာနက်လိုင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသည့်ကုမ္ပဏီများနှင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ဆောင်မှုအမျိုးအစားအလိုက် ရယူအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ အင်တာနက်လိုင်းပြတ်တောက်မှုများ ဖြစ်ပေါ်ပါက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ပေးနိုင်ရေး သက်ဆိုင်ရာ ကုမ္ပဏီသို့ အကြောင်းကြားရမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရေးဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများ ပြင်ဆင်ပေးခြင်းမရှိပါက အင်တာနက်လိုင်း ပြတ်တောက်သည့် အချိန်ပေါ်မူတည်၍ လျော်ကြေးငွေ ပြန်လည်ပေးဆောင်စေရန် သို့မဟုတ် အင်တာနက်လိုင်း ပြတ်တောက်သည့် ကာလအတိုင်း အစားထိုးဝန်ဆောင်မှု ပေးအပ်ရန် သက်ဆိုင်ရာကုမ္ပဏီများသို့ ညှိနှိုင်းတောင်းဆိုဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ ညှိနှိုင်းတောင်းဆိုသော်လည်း ဆက်သွယ်ရေး ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများက စည်းမျဉ်းစည်းကမ်းများ အတိုင်း လိုက်နာဖြည့်ဆည်းမှုမရှိပါက ဝန်ကြီးဌာနသို့ တိုင်ကြားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **မကျီးပင်-ဖြန့်ကြီး-ကင်မွန်းခြံ-ချောင်းနား မြေသားလမ်း ၃/၄ မိုင်ကို အမာခံလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မကျီးပင်-ဖြန့်ကြီး-ကင်မွန်းခြံ-ချောင်းနား မြေသားလမ်း ၃ မိုင် ၄ ဖာလုံကို အဆင်ပြေချောမောစွာ သွားလာနိုင်ရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပြီး လမ်းအကျယ် ရှစ်ပေအပိုင်းအတွက် လမ်းတာပေါင်ချဲ့ခြင်းနှင့် အမာခံဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လာမည့်ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှု ဦးစားပေးအလိုက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကျိုက်ထော်(တောင်)ကျေးရွာ၊ တာတဇင်ကျေးရွာတို့၏ ကျေးရွာချင်းဆက်လမ်းသည် ပေ ၄၆၂၀ ရှည်လျားပြီး ၂၂ ပေအကျယ် မြေသားတာပေါင်ချဲ့၍ ၎င်းလမ်းပေါ်တွင် ၁၂ ပေအကျယ်၊ ခုနစ်ပေအမြင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကော့မှူးမြို့နယ် ကျိုက်ထော်(တောင်)-တာတဇင်လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အရှည် ခုနစ်ဖာလုံ ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ပျက်စီးလျက်ရှိပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအရ ကုန်ထုတ်လုပ်မှု၊ အကျိုးပြုမှုများအပေါ်အခြေခံပြီး အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေပေါ်မူတည်၍ ဦးစားပေးလျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုမိုဇော်၏ **သဲကုန်းမြို့နယ် အုတ်ဆွဲ-ရင်းတိုက်တန်း-နွားကုန်း ၂ မိုင် ၆ ဖာလုံ ကုန်ထုတ်မြေနီလမ်းကို ကျောက်ချောမြေနီလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက သဲကုန်းမြို့နယ် အုတ်ဆွဲ-ရင်းတိုက်တန်း-နွားကုန်း ၂ မိုင် ၆ ဖာလုံလမ်းသည် လမ်းအရှည် နှစ်မိုင်သည် မြေနီလမ်းအမျိုးအစားဖြစ်ပြီး ကျန် ခြောက်ဖာလုံမှာ မြေသားလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ လက်ရှိမြေပြင်ကွင်းဆင်းစစ်ဆေးချက်များအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော နှစ်မိုင်သည် လမ်းကြောင်းပြတ်တောက်မှုမရှိဘဲ ကောင်းမွန်စွာအသုံးပြုလျက်ရှိနေပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ထားသောလမ်းအပိုင်း ခြောက်ဖာလုံကို မြေသားတာပေါင်ချဲ့တင်၍ မြေနီခင်းခြင်းလုပ်ငန်းကို ဦးစားပေးလျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ် သရက်တပင်တာဆုံ-စိန့်ကန့်လန့်လမ်းမှ ပတ်တန်းကျေးရွာသို့ ဆက်သွယ်သည့် အရှည် ၈၇၅၂ ပေ၊ အကျယ် ၂၂ ပေ၊ အမြင့် သုံးပေခွဲခန့်ရှိသော ဂဝံလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းလှမြို့နယ် သရက်တပင်တာဆုံ-စိန့်ကန့်လန့်လမ်းမှ ပတ်တန်းကျေးရွာထိ လမ်းအရှည် ၂ မိုင် ၁ ဖာလုံကျော်ရှိပြီး လက်ရှိ လမ်းအခြေအနေသည် ရာသီမရွေးသွားလာနိုင်သော လမ်းဖြစ်ပါကြောင်း၊ ကျေးလက်နေ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေအပေါ်မူတည်၍ လမ်းလွှာအဆင့်ဆင့်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့ထားသည့် **"အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဇွန် ၂၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ




**နေပြည်တော် ဇွန် ၁၉**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) စိုင်းဝင်းခိုင်၏ **နိုင်ငံသားစိစစ်ရေးကတ်အမှတ်များ အဘယ်ကြောင့်ထပ်သည့်ကိစ္စဖြစ်ပေါ်ရပါသနည်း၊ ထိုကဲ့သို့ထပ်နေသည့် ကတ်ပြားအမှတ် ဦးစွာရရှိသူကို မည်ကဲ့သို့ စိစစ်၍ ၎င်း၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန်အတွက် ကာကွယ်စောင့်ရှောက်ပေးနိုင်သနည်း၊ မသမာမှုကြောင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ထပ်ရသည်ကို စိစစ်တွေ့ရှိရပါက မည်သို့အရေးယူဆောင်ရွက်မည်တို့ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံသားနံပါတ်တစ်ခုတည်း လူပုဂ္ဂိုလ်နှစ်ဦးကို နံပါတ်ထပ်၍ ထုတ်ပေးထားခြင်းကြောင့် ကာယကံရှင်များကလည်း အဆိုပါ နိုင်ငံသားနံပါတ်ဖြင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် အသုံးပြုထားသဖြင့် အခက်အခဲမရှိစေရန်အတွက် ထုတ်ပေးထားသည့် နိုင်ငံသားနံပါတ်များကို ရုံးလက်ခံ နိုင်ငံသားကိုယ်ရေးမှတ်တမ်းဖြင့် ပြန်လည်စိစစ်ခြင်း၊ သဘောရိုးဖြင့်မှားယွင်း၍ ထုတ်ပေးထားခြင်းဟုတ်မဟုတ် စစ်ဆေးခြင်း၊ ထုတ်ပေးထားသူများသည် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားအရည်အချင်းအရ အထောက်အထားခိုင်မာစွာဖြင့် ထုတ်ပေးခြင်းရှိ၊ မရှိ စစ်ဆေးခြင်း၊ ဝန်ထမ်းက မရိုးဖြောင့်သောနည်းဖြင့် ထုတ်ပေးထားခြင်းရှိ၊ မရှိ စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

ဖြေရှင်း ဆောင်ရွက်ပေးရာတွင် နိုင်ငံသားနံပါတ်တစ်ခုတည်းဖြင့် ထုတ်ပေးထားသော နိုင်ငံသားစိစစ်ရေးကတ်များသည် မှန်ကန်စွာထုတ်ပေးထားသောကတ်များဖြစ်ပါက နံပါတ်ပေးသည့် စာအုပ်တွင် ဖော်ပြထားသူကို အတည်ပြုပေးပြီး ကျန်တစ်ဦးကို နံပါတ်အသစ်ဖြင့်လည်းကောင်း၊ နံပါတ်ပေးသည့်စာအုပ်တွင် နှစ်ဦးစလုံးကို နိုင်ငံသားနံပါတ်တူညီစွာ မှတ်တမ်းသွင်းထားပါက နံပါတ်ထပ်နေသူနှစ်ဦးကို တွေ့ဆုံညှိနှိုင်းစေ၍ စောစွာ ထုတ်ယူသူကို အတည်ပြုပြီး ကျန်တစ်ဦးကို နိုင်ငံသားနံပါတ်အသစ် ရယူစေခြင်းဖြင့်လည်းကောင်း နိုင်ငံသားနံပါတ်ကို အတည်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တစ်ဦးသည် ယင်းနိုင်ငံသားနံပါတ်ဖြင့် ဘွဲ့လက်မှတ်၊ ဝန်ထမ်းပင်စင်စာအုပ်များတွင် အသုံးပြုထား၍ ကျန်တစ်ဦးမှာ အသုံးမပြုပါက ယင်းပုဂ္ဂိုလ်ကို နံပါတ်အသစ်ထုတ်ပေးပြီး ယခင်နိုင်ငံသားနံပါတ်အဟောင်းကို ပညာရေး၊ စီးပွားရေး၊ ရုံးဌာနများနှင့် ဆက်စပ်သည့်နေရာများတွင် သုံးစွဲထားပါက အခက်အခဲမရှိစေရန် အတွက် နံပါတ်အသစ်ဖြင့်ထုတ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်၏ နောက်ကျောတွင် ယခင်ကိုင်ဆောင်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်အမှတ်ဟု ရေးသွင်း၍ မူလနံပါတ်ကို ဖော်ပြပေးပြီး မြို့နယ်ဦးစီးမှူးက အတည်ပြုလက်မှတ်ရေးထိုးပေးပါကြောင်း။

နိုင်ငံသားနံပါတ်ထပ်နေသူနှစ်ဦးတွင် တစ်ဦးကို မသမာသောနည်းလမ်းဖြင့် ဆောင်ရွက်ပေးထားသည်ကို စိစစ်တွေ့ရှိရပါက မှန်ကန်မှုရှိသူကိုသာ အတည်ပြုပြီး နိုင်ငံသားအရည်အချင်းမရှိသူကို ထုတ်ပေးထားသည့် ပါဝင်ပတ်သက်သူဝန်ထမ်းများသို့မဟုတ် ပါဝင်ပတ်သက်ဆက်စပ်သူများကို ဖော်ထုတ်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်မှ ယနေ့ထိ အရာထမ်းဦးရေ ၃၀၊ အမှုထမ်း ၄၈ ဦး ပေါင်း ၇၈ ဦးတို့ကို အရေးယူဆောင်ရွက်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်အရာ၊ အိမ်ထောင်စုလူဦးရေစာရင်းအရာ၊ ပြုလုပ်ကိုင်ဆောင်သူနှင့် ဆောင်ရွက်ပေးခဲ့သော ပွဲစားများကို အရေးယူဆောင်ရွက်ခဲ့မှုအနေဖြင့် ၁၀၁ ဦးရှိပြီး ၃၂ ဦးကို ပြစ်ဒဏ်ချမှတ်၍ ကျန် ၆၉ ဦးကို တရားစွဲဆို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်ဌွေး၏ **မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါမြို့နယ် ထီးလင်းမြို့နယ်၊ ဆောမြို့နယ်တို့ရှိ လိုင်စင်သက်တမ်းကုန်ဆုံးသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို လိုင်စင်သက်တမ်းတိုးခွင့်ရရှိရေး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မှတ်ပုံတင်သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာ့စီးပွားရေးဘဏ်သို့ ငွေပေးသွင်းရုံဖြင့် ဆောင်ရွက်၍မရနိုင်ခြင်းနှင့် လတ်တလောလမ်းခရီးအခြေအနေအရ ဝန်ထမ်းများ နယ်လှည့်၍ လုပ်ငန်းဆောင်ရွက်ပေးရန် မဖြစ်နိုင်သေးခြင်းကြောင့် သက်တမ်းတိုးလုပ်ငန်းများကို နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါမြို့နယ်များရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီများက သက်တမ်းတိုးဆောင်ရွက်လိုသော ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်သက်သေခံလက်မှတ်နှင့် ယာဉ်မောင်းလိုင်စင်များကို စုစည်း၍ ခရိုင်ရုံး(ပခုက္ကူ)သို့ ပေးပို့ပြီး ယာဉ်စစ်ဆေးခြင်း ကင်းလွတ်ဖြင့် ယာဉ်နှင့် လိုင်စင်တစ်စောင်ချင်းစီ၏ သက်တမ်းတိုးကျသင့်ငွေများကို တွက်ချက်၍ ခရိုင်ရုံး(ပခုက္ကူ)သို့ ငွေလွှဲပေးပို့ရပါမည်ဖြစ်ပါကြောင်း၊ ဌာနအနေဖြင့် သက်တမ်းတိုးလုပ်ငန်းဆောင်ရွက်ပြီးနောက် အဆိုပါမြို့နယ်များသို့ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ ကိုယ်စားလှယ်ဖြင့် ပြန်လည်ပေးပို့သွားမည်ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်သက်သေခံလက်မှတ်နှင့် ယာဉ်မောင်းလိုင်စင်များကို ပေးပို့ရန် လမ်းခရီးအခြေအနေအရ အခက်အခဲရှိပါက လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်စာပါအတိုင်း အဆိုပါမြို့နယ်များတွင် အသုံးပြုနေသော ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းလွန်ဖြစ်ပေါ်နေခြင်းကို အရေးယူဆောင်ရွက်မှု မပြုနိုင်စေရေးအတွက် သက်တမ်းကုန်ဆုံးနေသော ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များနှင့် စပ်လျဉ်း၍ ယာဉ်တစ်စီးချင်းစီနှင့် ယာဉ်မောင်းလိုင်စင်တစ်စောင်ချင်းစီအလိုက် သက်တမ်းကုန်ဆုံးရက်များကို စာရင်းပြုစု၍ ဂန့်ဂေါခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမြန်ဆုံးပေးပို့နိုင်ရေး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ပခုက္ကူ)သို့ ၂၀၂၆ ခုနှစ် မေ ၁၈ ရက်တွင် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ခရုတုတ်ကျေးရွာသည် ပန်းလောင်မြစ်ကမ်းပါးတွင် တည်ရှိပြီး နှစ်စဉ် မိုးရာသီရေကြီးရေလျှံမှုများကြောင့် ကမ်းပါးပြိုသည့် သဘာဝဘေးဒဏ်များ ကြုံတွေ့ခံစားကြရပါသဖြင့် ခရုတုတ်ကျေးရွာတစ်လျှောက် ပန်းလောင်မြစ်ကမ်းပါးထိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ခရုတုတ်အရှေ့နှင့် ခရုတုတ်အနောက်ကျေးရွာနှစ်ရွာကို ကမ်းပြိုမှုမှ ကာကွယ်နိုင်ရန် စုစုပေါင်းအလျား ပေ ၂၄၀၀ ခန့်ကို ကွန်ကရစ်ပိုင်တိုင်အခြေပြု ကျောက်ဖြည့်မြေထိန်းနံရံ (Gabion Wall)ဖြင့် တည်ဆောက်ကာကွယ်ပေးရမည်ဖြစ်ပြီး ကုန်ကျစရိတ်မှာ ငွေကျပ်သန်း ၂၅၅၀ ခန့်ဖြစ်ပါကြောင်း၊ ပန်းလောင်မြစ်ကမ်းပြိုကာကွယ်ရေးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ငယ်၊ ချောင်းငယ် တစ်ခုတွင်ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ခရုတုတ်အရှေ့နှင့် ခရုတုတ်အနောက်ကျေးရွာနှစ်ခုကို ကမ်းပြိုမှုမှကာကွယ်နိုင်ရန် စုစုပေါင်း ကမ်းပြို အလျားပေ ၂၄၀၀ ခန့်အတွက် ကုန်ကျစရိတ် ငွေကျပ်သန်း ၂၅၅၀ ခန့်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနကလည်း လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများ ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) နန်းဝိုးစိန်၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ပြည်ထောင်စုလမ်းမကြီးမှာ ကတ္တရာခံနိုင်မှု လုံးဝမရှိတော့ဘဲ ချိုင့်ခွက်ဖြစ်ခြင်း၊ တချို့နေရာများတွင် ကတ္တရာသားမရှိတော့ဘဲ သဲနှင့်ကျောက်များ ပေါ်ထွန်းခြင်း၊ ရေစီးကြောင်းများ ပေါ်ထွန်းခြင်းကြောင့် သွားလာရေးခက်ခဲမှုများ ဖြစ်ပေါ်လျက်ရှိပါသဖြင့် တာကော်-မိုင်းပျဉ်းလမ်း၊ မိုင်းပျဉ်း-ကျိုင်းတုံ ကတ္တရာလမ်းမကြီးကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေနှင့် ရှမ်းပြည်နယ် ရန်ပုံငွေဖြင့် ပေါင်းစပ်၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သော ၁၂ ပေမှ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းချဲ့ခင်းခြင်း၊ ၅ မိုင် ၁ ဒသမ ၉ ဖာလုံ၊ ၂၄ ပေအကျယ် ကွန်ကရစ်လမ်းချဲ့ခင်းခြင်း ၁ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း တစ်ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ ဒသမ ၆၅ ဖာလုံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် လမ်းအနိမ့်အမြင့်ဖြေညှိခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ မိုင် ၇ ဒသမ ၄ ဖာလုံ၊ လမ်းပေါက်များ ဖာထေးပြုပြင်ခြင်း ၁၀၆၇၈၈ စတုရန်းပေ၊ ယာဉ်များ လွယ်ကူချောမွေ့စွာသွားလာနိုင်စေရန်အတွက် လမ်းပခုံးနိမ့်ကျနေသောအပိုင်းများကို ကျောက်ရောမြေဖြင့် ပြုပြင်ခြင်း ၂ မိုင် ၅ ဖာလုံ၊ ချောင်းရေတိုက်စား၍ လမ်းသားပွဲ့ကျမှု မဖြစ်ပေါ်စေရန်အတွက် မြေထိန်းနံရံတည်ဆောက်ခြင်း ၇၇၁ ပေ၊ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် တံတားရေပြွန်ပြုပြင်ခြင်း စသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့စေရန်အတွက် လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တာကော်-မိုင်းပျဉ်း-ကျိုင်းတုံလမ်းပိုင်း၏ အန္တရာယ်ရှိသော လမ်းကွေ့နေရာများ၊ ယာဉ်သွားလာမှုခက်ခဲသော နေရာများ၊ အတက်အဆင်းမတ်စောက်သော နေရာများကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန်အတွက် ပေ ၄၀ အကျယ် လမ်းတာပေါင်ချဲ့ခြင်းနှင့် မူလကတ္တရာလမ်း ၁၂ ပေကို ၁၈ ပေအကျယ်နှင့် ၂၄ ပေအကျယ်ရရှိစေရန် ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းချဲ့ခင်း၍ လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းမျက်နှာပြင်များပြုပြင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စီမံချက်ရေးဆွဲ၍ ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) နန်းဝိုးစိန်၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် မိုင်းပျဉ်း-မိုင်းဆတ် မြို့နယ်ချင်းဆက်လမ်းပေါ်ရှိ မိုင်းပျဉ်း-မိုင်းပုအွန်လမ်းကို ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်နှင့် ယမ်းမိုင်ကျေးရွာမှတစ်ဆင့် မိုင်းပုအွန်ကျေးရွာအုပ်စုရှိ ကျေးရွာများသို့ လာမည့်ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်ရန်ပုံငွေဖြင့် ယာဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်စေရန်အတွက် ကျောက်ရောမြေဖြင့် လမ်းမျက်နှာပြင်ပြုပြင်ခြင်း ၃ မိုင် ၁ ဒသမ ၉ ဖာလုံ၊ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် Box Culvert တစ်စင်း တည်ဆောက်ခြင်းနှင့် လမ်း၊ တံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောက်လမ်းနှင့် အမာခံလမ်းအဖြစ် ကျန်ရှိသည့် ၁၃ မိုင် ၂ ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ဘဏ္ဍာနှစ်အလိုက် ရှမ်းပြည်နယ်လမ်းဦးစီးဌာနက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးမင်းစမ်း၏ **ပဲခူးတိုင်းဒေသကြီး ဝေါမြို့တောင်ဘက်ရှိ ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးဂိတ်အနီး ယာဉ်ပိတ်ဆို့မှုများ ဖြေရှင်းနိုင်ရန်အတွက် ညောင်ခါးရှည်စစ်ဆေးရေးစခန်းကို ဗဟိုထားကာ ဝေါဘက်ခြမ်းသို့ အရှည်မိုင်ဝက်၊ စစ်တောင်းတံတားဘက်ခြမ်းသို့ အရှည်မိုင်ဝက်၊ လမ်းအရှည်စုစုပေါင်း တစ်မိုင်ခန့်ကို လက်ရှိလေးလမ်းသွားမှ ရှစ်လမ်းသွားအထိ တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိလမ်းအခြေအနေသည် စစ်တောင်းတံတား(မုပ္ပလင်)

**စာမျက်နှာ ၂၂ သို့**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် ဇွန် ၁၉**

ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H. E. Mr.Igor SERGEYENKO နှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H. E. Mr. Vyacheslav Volodin တို့၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံသို့ 2nd International Forum of the Union State "Great Heritage Common Future" ဖိုရမ် တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၂၁ မှအဆက်**

ချဉ်းကပ်လမ်းမိုင်တိုင် (၀)မိုင်မှ ၂ မိုင်ထိ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ၄၈ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်း တိုးချဲ့ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်အနီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားရခြင်းသည် စစ်ဆေးရေးဂိတ်၏လုပ်ငန်းစဉ်များအရ ယာဉ်စစ်ဆေးမှုဆောင်ရွက်စဉ် ယာဉ်များစစ်ဆေးမှုခံယူရန် စနစ်တကျတန်းစီမှုမရှိဘဲ ယာဉ်တစ်စီးနှင့်တစ်စီး ကျော်တက်ဝင်ရောက်ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါကြောင်း။

ညောင်ခါးရှည် စစ်ဆေးရေးဂိတ်အနီး ယာဉ်ကြောပိတ်ဆို့မှုများ မရှိစေရေးအတွက် ယာဉ်များ လက်ယာဘက်ယာဉ်ကြောမှ တစ်စီးနှင့် တစ်စီး ကျော်တက်မောင်းနှင်ခြင်းမပြုဘဲ သတ်မှတ်ယာဉ်ကြောအတိုင်း စနစ်တကျတန်းစီစစ်ဆေးခံရန် အသိပေး၊ သတိပေးဆိုင်းဘုတ်များကို ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်က စိုက်ထူဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလောအနေဖြင့် စစ်ဆေးရေးဂိတ်ကို ဗဟိုထားကာ ဝေါဘက်ခြမ်းသို့ အရှည်မိုင်ဝက်၊ စစ်တောင်းတံတားဘက်ခြမ်းသို့ အရှည်မိုင်ဝက် လမ်းအရှည်စုစုပေါင်း တစ်မိုင်ကို B.O.T ကုမ္ပဏီက လာမည့်ပွင့်လင်းရာသီတွင် တစ်ဖက်လျှင် ယာဉ်သွားလမ်း တစ်လမ်းစီ ထပ်မံတိုးချဲ့ဆောင်ရွက်စေရေး စီမံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ပေးအပ်ခံရသည့် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးမျိုးမင်းနောင်က ပြည်တွင်း၊ ပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း၊ ပြည်ပအလုပ်သမားဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးမျိုးမင်းနောင်နှင့် အတွင်းရေးမှူးအဖြစ် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်ငွေတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် ပြည်တွင်း၊ ပြည်ပအလုပ်သမားဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တာဝန်ပေးအပ်ခံရသည့် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးဆူရယ်က နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးအောင်သီဟနှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးရဲရင့်စိုးညွန့်တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်းက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်းနှင့် အတွင်းရေးမှူးအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးဆီဟူးဒွေ့တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို ဇွန် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊
(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုလုပ်ရန်၊
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊
(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊
(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၁-၄-၂၀၂၆ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့မှုအရ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဇွန် ၁၇ ရက်တွင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ် မိုင်းလားမြို့သို့ သွားရောက်ခဲ့ရာ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)မှ ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အမြဲတမ်းကော်မတီဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အစိုးရသစ် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြောကြားပြီးနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းက ပြောကြားရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် အစိုးရသစ်၏ လုပ်ငန်းစဉ်များတွင် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားတည်ငြိမ်ရေးတို့ကို ဦးစားပေးဆောင်ရွက်မည့်ကိစ္စရပ်များအပေါ် မိမိတို့အနေဖြင့် အလေးထားအသိအမှတ်ပြုပါကြောင်း၊ အထူးသဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အရေးကြီးကဏ္ဍတွင် ထားရှိခြင်းအပေါ် အပြုသဘောဆောင်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း၊ ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုးစေရန် တစိုက်မတ်မတ်လျှောက်လှမ်းလျက် နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တတ်စွမ်းသမျှပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်ကြားရေးဆရာ၊ ဆရာမ လိုအပ်ချက်များ၊ စိုက်ပျိုးမွေးမြူရေးကိစ္စများ၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေး၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများနှိမ်နင်းရေး၊ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးကိစ္စများ၊ ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး နှစ်ဖက်အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၈ ရက်တွင် ရှမ်းပြည်နယ် ပန်ဆန်းမြို့သို့ သွားရောက်ခဲ့ရာ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းနှင့် အဆင့်မြင့်ခေါင်းဆောင်များပါဝင်သည့်ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြပြီး တွေ့ဆုံဆွေးနွေးမှုကို ဆက်လက်ပြုလုပ်သည်။

တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ငြိမ်းချမ်းရေးကော်မတီသုံးရပ်ဖွဲ့စည်းထားမှုနှင့်ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့မှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားရာ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက အဖွဲ့အစည်း၏ရပ်တည်ချက်နှင့် သဘောထားများ၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို အစဉ်တစိုက်ထိန်းသိမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုအစိုးရသစ်၏ဦးဆောင်မှုအောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြည်သူ့နေထိုင်မှုဘဝတည်ဆောက်ရေးကို ရှေ့ဆက်တိုးမြှင့်ဆောင်ရွက်လိုမှုအခြေအနေများ၊နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဖြင့် သဘောထားကွဲလွဲမှုများဖြေရှင်းနိုင်ရေးကိစ္စများ၊ဒေသဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်နေမှု၊ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လက်ရှိအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် နိုင်ငံရေးရည်မှန်းချက်များ ထားရှိဖော်ဆောင်နိုင်ရေးကိစ္စများကို နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖဝ၁)

## မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး)တို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသော မသန်စွမ်းကလေးများ တက်ရောက်နိုင်ရေး လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှု အမျိုးအစားများ
- (က) Down Syndrome
- (ခ) Autism
- (ဂ) Attention Deficit Hyper Activity Disorder (ADHD)
- (ဃ) Global Developmental Delay (GDD)
- (င) အခြားဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (စ) ခြေလက်အင်္ဂါမပြည့်စုံသူ (Amputee)
- (ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူ ဖြစ်ရမည်။

၃။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူ ကိုယ်တိုင်ကျောင်းအပ်နှံပြီး ကျောင်းသား/သူများပါ တစ်ပါတည်းခေါ်ဆောင်၍ အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ

၂။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ

၄။ ကျန်းမာရေးနှင့် ပတ်သက်သော ဆေးမှတ်တမ်းများ

မသန်စွမ်းကျောင်းသား ကလေးများသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ရပ်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ သိမှုပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် လူမှုဆက်ဆံရေးဆိုင်ရာဖွံ့ဖြိုးမှုများ ရရှိလာမည့်အပြင် မိမိတို့၏တစ်နေ့တာ လုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး အထူးပညာရေးစနစ်ဖြင့် မူလတန်းပညာသင်ကြားနိုင်မည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းအမှတ် (၂၆) ဘီလမ်း၊ ၅၈ x ၅၉ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၄၂၅၂၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်) ဖုန်း ၀၉-၄၄၈၀၁၉၀၅၀၊ ၀၉-၂၅၀၀၈၇၂၂၉၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၉-၄၀၀၄၀၇၅၄၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာခိုင်ခိုင်စိုး၏ ဖြေကြားချက်

**မေး။ ။ သမ္မတကြီးရဲ့ တရုတ်ချစ်ကြည်ရေးခရီးစဉ်က ဘယ်လိုမျိုး ရည်ရွယ်ချက်တွေနဲ့ သွားရောက်ခဲ့တယ်ဆိုတာ ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ ဟုတ်ကဲ့ပါ၊ သမ္မတကြီးရဲ့ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ် (State Visit) က အဓိကရည်ရွယ်ချက်လေးခုနဲ့ သွားခဲ့တာဖြစ်ပါတယ်။ ပထမရည်ရွယ်ချက်ကတော့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဖို့ ဖြစ်ပါတယ်။ ဒုတိယတစ်ခုက မြန်မာနိုင်ငံရဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြဖို့ပါ။ တတိယတစ်ခုက တရုတ်နိုင်ငံရဲ့ Investment တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ရေးနဲ့ စတုတ္ထတစ်ခုကတော့ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ဖြစ်ပါတယ်ရှင့်။

**မေး။ ။ ဒီခရီးစဉ်ကနေပြီးတော့ နိုင်ငံရေးအရ ဘယ်လိုမျိုး အကျိုးအမြတ်တွေကို ရရှိမယ်လို့ သုံးသပ်ပါသလဲရှင့်။**

ဖြေ။ ။ ဒီခရီးစဉ်က တရုတ်-မြန်မာ ချစ်ကြည်ရေးခရီးစဉ်၊ သမ္မတကြီးရဲ့ ချစ်ကြည်ရေးခရီးစဉ်ကနေပြီးတော့ ကျွန်မတို့နိုင်ငံအတွက် အကျိုးအမြတ်တွေ အများကြီးဆောင်ကြဉ်းပေးလာနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ဒီခရီးစဉ်မှာ တရုတ်သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်၊ ဝန်ကြီးချုပ်၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ကျွန်မတို့ တွေ့ဆုံခဲ့ပါတယ်ရှင့်။

သမ္မတကြီး ရှီကျင့်ဖျင်နဲ့ တွေ့ဆုံတဲ့အချိန်မှာ သမ္မတကြီးက ဘာကို အလေးပေးပြီး ပြောကြားလဲဆိုတော့ ကျွန်မတို့ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ဒါကို တိုးမြှင့်ချင်တယ်။ နောက်တစ်ခုက တရုတ်-မြန်မာ အေးတူပူအမျှ အသိုက်အဝန်းကို ထူထောင်ဖို့၊ ဒီနှစ်ခုကို အလေးထားပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခုကတော့ ကျွန်မတို့ ဒီမဟာဗျူဟာမြောက် ဘက်စုံပူးပေါင်းဆောင်ရွက်ဖို့ကိုလည်း အလေးထားပြီး ပြောခဲ့ပါတယ်ရှင့်။ ဒါ့အပြင် မကြာသေးခင်က မြန်မာနိုင်ငံမှာ ဆောင်ရွက်ခဲ့တဲ့ အထွေထွေရွေးကောက်ပွဲကိုလည်း ကြိုဆိုတယ်၊ လက်ရှိ ကျွန်မတို့ ရွေးကောက်ခံအစိုးရကိုလည်း အပြည့်အဝ ထောက်ခံအားပေးတယ်ဆိုတာကို ခိုင်ခိုင်မာမာ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ကျွန်မတို့ အခုလက်ရှိ ရွေးကောက်ခံအစိုးရကနေပြီးတော့ ဆောင်ရွက်နေတဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးကိစ္စတွေကိုလည်း ထောက်ခံပါတယ်၊ ရှေ့ဆက်ပြီးလည်း ဆက်လက်ထောက်ခံသွားပါမယ်ဆိုပြီးတော့ အခိုင်အမာ ပြောဆိုခဲ့ပါတယ်။

နောက်တစ်ခုကတော့ နိုင်ငံတကာမျက်နှာစာမှာ၊ ကုလသမဂ္ဂမှာ၊ အာဆီယံအသိုက်အဝန်းမှာ မြန်မာနိုင်ငံအနေနဲ့ တန်းတူညီမျှ အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးကိုလည်း ထောက်ခံသွားမယ်ဆိုပြီးတော့ ပြောကြားခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီခရီးစဉ်က မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာမျက်နှာစာမှာ စာမျက်နှာသစ် ဖွင့်လှစ်နိုင်တော့မှာ ဖြစ်တာမို့လို့ ကျွန်မတို့နိုင်ငံအတွက် နိုင်ငံရေးအရ၊ သံတမန်ရေးအရ များစွာ အကျိုးရှိတဲ့၊ အောင်မြင်တဲ့ ခရီးစဉ်တစ်ခု၊ ရည်ရွယ်ချက်တွေကို ပေါက်မြောက်အောင်မြင်တဲ့ ခရီးစဉ်တစ်ခုလို့ ဆိုနိုင်ပါတယ်ရှင့်။




**မေး။ ။ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ကနေပြီးတော့ စီးပွားရေးအတွက် ဘယ်လိုမျိုး အကျိုးကျေးဇူးတွေ ရရှိလာပါသလဲ။**

ဖြေ။ ။ ကျွန်မတို့ ဒီသမ္မတကြီးရဲ့ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မှာ စီးပွားရေးအတွက်လည်း အကျိုးအမြတ်များစွာ ရရှိခဲ့ပါတယ်ရှင့်။ ဒီခရီးစဉ်အတွင်းမှာပဲ ရှန်ဟိုင်းမှာ Myanmar-China Trade and Investment Networking Summit ကို ကျင်းပခဲ့ပါတယ်။ ဒီ Summit မှာ တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင် ၅၀၀ ကျော် တက်ရောက်ခဲ့ပြီးတော့ မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ပါတယ်။ အဲဒီတရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေထဲမှာလည်း State-owned enterprise က လုပ်ငန်းရှင်တွေပါသလို Belt and Road Initiative မှာ ပါဝင်တဲ့ ကုမ္ပဏီအကြီးကြီးတွေလည်း ပါဝင်ခဲ့ပါတယ်။ ဒီ Summit ကနေပြီးတော့မှ ကျွန်မတို့ Business to Business MoU အခု ၇၀ ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါ ဝမ်းမြောက်ဖွယ်သတင်းပါ။ ဒါက ကျွန်မတို့နိုင်ငံက ပြည်သူပြည်သားတွေအတွက်၊ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းကောင်းတွေ သယ်ဆောင်လာနိုင်တယ်လို့ ဆိုနိုင်ပါတယ်ရှင့်။

**မေး။ ။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့က အခုလိုမျိုး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို အဆင့်တစ်ခုအထိ ဆွေးနွေးခဲ့တဲ့ ကိစ္စတွေက မြန်မာနိုင်ငံက ပြည်သူတွေအတွက် ဘယ်လိုမျိုးရလဒ်တွေကို အကျိုးကျေးဇူးတွေ ရရှိနိုင်ပါသလဲ။**

ဖြေ။ ။ အခုဆွေးနွေးပွဲတွေမှာက မြန်မာနိုင်ငံမှာရှိတဲ့ အလွှာအသီးသီး၊ လူထုလူတန်းစားအသီးသီးအတွက်ကို အကျိုးဖြစ်ထွန်းစေမယ့် ကိစ္စများစွာကို ဆွေးနွေးခဲ့ပါတယ်။ ပြောရမယ်ဆိုရင် ကျွန်မတို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မြန်မာနိုင်ငံရဲ့ အခြေခံအကျဆုံးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကနေစပြီး ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာတိုးတက်ရေး၊ AI၊ IT ကဏ္ဍ၊ အာကာသကဏ္ဍတွေမှာပါ ဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းလုပ်ဆောင်ဖို့ ဒါတွေကို ဆွေးနွေးခဲ့ပါတယ်။ လျှပ်စစ်နဲ့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကိစ္စတွေ၊ ရထားလမ်းဖောက်လုပ်ရေး ကိစ္စတွေ၊ ဓာတ်သတ္တုတူးဖော်ရေးကိစ္စတွေ ဒါတွေအားလုံးကိုလည်း အသေးစိတ်ဆွေးနွေးပြီးတော့မှ သဘောတူညီမှုတွေ ရရှိခဲ့ပါတယ်။

ထပ်ပြီး သတင်းစကားတစ်ခုပါးချင်တာကတော့ ကျွန်မတို့ ဒီခရီးစဉ်ကနေပြီးတော့မှ အာကာသနည်းပညာဆိုင်ရာ ကိစ္စရပ်တွေ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စတွေ၊ မိုးလေဝသစောင့်ကြည့်ရေးကိစ္စတွေအတွက်ကို မြန်မာနိုင်ငံက ပညာရှင်တွေနဲ့ တရုတ်က ပညာရှင်တွေ ပူးပေါင်းပြီးတော့ မကြာခင်မှာ ဂြိုဟ်တုတစ်လုံး လွှတ်တင်ဖို့အတွက်ကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါဟာဆိုရင် သမ္မတကြီးရဲ့ ခရီးစဉ်ကနေပြီးတော့မှ အာကာသကို မြန်မာနိုင်ငံက ခြေလှမ်းသစ်စတင်တဲ့ ခရီးစဉ်တစ်ခုလို့လည်း ပြောနိုင်ပါတယ်ရှင့်။

**မေး။ ။ ဟုတ်ကဲ့ပါရှင့်။ သမ္မတကြီးရဲ့ ပြောရေးဆိုခွင့်ရှိသူ တစ်ယောက်အနေနဲ့ ဒီတရုတ်-မြန်မာ ချစ်ကြည်ရေးခရီးစဉ်နဲ့ပတ်သက်ပြီးတော့ ဘယ်လိုမျိုး မြင်ပါသလဲ၊ ဘာများ ပြောကြားချင်တာ ရှိပါသလဲရှင့်။**

ဖြေ။ ။ စောစောက ကျွန်မပြောခဲ့သလိုပါပဲ၊ နိုင်ငံတော်သမ္မတကြီးရဲ့ ချစ်ကြည်ရေးခရီးစဉ်က အောင်မြင်တဲ့ ခရီးစဉ်၊ စောစောက ပြောခဲ့တဲ့ ရည်ရွယ်ချက်တွေကို ပေါက်မြောက်အောင်မြင်တဲ့ ခရီးစဉ်လို့ ပြောနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ နိုင်ငံရေးအရ၊ သံတမန်ရေးအရ အောင်မြင်ခဲ့သလို စီးပွားရေးအရလည်း မြန်မာပြည်သူပြည်သားတွေအတွက် အကျိုးဖြစ်ထွန်းစေမယ့် ကိစ္စရပ်တွေအများကြီးကို သယ်ဆောင်လာနိုင်တယ်ဆိုတာကို ပြောချင်ပါတယ်။

ဒါ့အပြင် B to B လက်မှတ်ရေးထိုးနိုင်ခဲ့သလို G to G လည်း MoU ၁၈ ခု၊ အဲဒီ ၁၈ ခုမှာလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စတွေ၊ ပြန်ကြားရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ လူမှုရေးကိစ္စ ဒါတွေအားလုံးပါဝင်တဲ့ MoU ၁၈ ခု ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါဟာဆိုရင် ကျွန်မတို့နိုင်ငံရဲ့ ပြည်သူပြည်သားတွေအတွက် ကောင်းကျိုးတွေကို သယ်ဆောင်လာနိုင်တဲ့ Trip တစ်ခုလို့ ဆိုနိုင်ပါတယ်ရှင့်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။
(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။
(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။
(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။
(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။
(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊
(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊
(စ) လယ်ယာမြေတွင်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၉**

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည့်ဇာနည်အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇွန် ၂၂ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

# ၂၀၂၆ ခုနှစ် ၃၂ ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ်




ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တာဝန်ရှိသူတစ်ဦးက မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်အသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၁၉**

၂၀၂၆ ခုနှစ် ၃၂ ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံ လေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေး ဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံ လေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံလက်ဝှေ့ အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်အဖွဲ့ဝင်များကို တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက် ဒိုင်းဆုရရှိသည့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အသင်းကို ကာကွယ်ရေး ဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံ လေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)ကွပ်ကဲမှုအောက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်း အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

❑ **ရေထွက်ကုန်တင်ပို့မှုမှ**

မိသားစုဝင်များ၏ လူမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

"တနင်္သာရီတိုင်းဒေသကြီးကထွက်တဲ့ ပုစွန်ကို မြိတ်ကနေတစ်ဆင့် ထိုင်းကို ပို့တယ်။ ထိုင်းကနေတစ်ဆင့် လေကြောင်းနဲ့ တရုတ်နိုင်ငံကို ပို့တာရှိတယ်။ ဂျပန်နိုင်ငံကိုလဲ မြိတ်ကနေ ရေကြောင်းနဲ့ တင်ပို့နေတာရှိပါတယ်။ ငါး၊ ပုစွန်တင်ပို့ရာမှာ အေးခဲတင်ပို့မှုထက် အရှင်တင်ပို့နိုင်မယ်ဆိုရင် နိုင်ငံခြားဝင်ငွေ နှစ်ဆမက ရရှိစေမှာပါ။ တင်ပို့တဲ့အခါမှာလဲ တိုင်းဒေသကြီးကနေ တိုက်ရိုက်တင်ပို့နိုင်မယ်ဆိုရင်တော့ ပြည်ပဝင်ငွေ အခုထက် သုံးဆ၊ လေးဆ တိုးမြှင့်ရရှိပါတယ်။ ကုန်ကြမ်းတင်ပို့မှုကနေ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့တာ၊ လေကြောင်းနဲ့တိုက်ရိုက်တင်ပို့တာ စတဲ့ နည်းစနစ်ပိုင်းဆိုင်ရာ ပြောင်းလဲသွားမယ်ဆိုရင် မြန်မာ့ရေထွက်ကုန်တင်ပို့မှု တစ်ခေတ်ဆန်းသစ်မှုကနေ နိုင်ငံစီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့များစွာ ရရှိစေနိုင်ပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောပြ၍ သိရသည်။ **ညိမ်းသူ(သတင်းစဉ်)**

## မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၉**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် နယ်မြေခံသင်တန်းကျောင်းရှိ ဘောလုံး အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားအသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းနှင့် အင်းတိုင်တပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇွန် ၂၉ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် ၃၃ ကြိမ်မြောက် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၃၃ ကြိမ်မြောက် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၉**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် ၃၃ ကြိမ်မြောက် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် မုံရွာမြို့ တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် စစ်ကိုင်းတပ်နယ်ကိုယ်စားပြုအသင်းနှင့် မုံရွာတပ်နယ်ကိုယ်စားပြု(ခ) အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကိုကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၂၃ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

❖ ဥပဒေဘောင်အတွင်းဝင်ရောက်မှ

မိုးကုတ်မြို့နယ်မှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ရှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၃၇ ဦး၊ အမျိုးသမီး ငါးဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသားဦးရေ ၅၀၊ အမျိုးသမီး နှစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး လေးဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား သုံးဦး၊ ချောက်မြို့နယ်မှ အမျိုးသား လေးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး နှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မြစ်သားမြို့နယ်မှ အမျိုးသား သုံးဦး၊ ငဖဲမြို့နယ်မှ အမျိုးသား ခုနစ်ဦး၊စလင်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသားတစ်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား နှစ်ဦး၊ သရက်မြို့နယ်မှ အမျိုးသား လေးဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား သုံးဦး၊ တောင်တွင်းကြီးမြို့နယ်မှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး တစ်ဦး၊ ပခုက္ကူမြို့နယ်မှအမျိုးသား ၂၅ ဦး၊ အမျိုးသမီးတစ်ဦး၊ ကျောမြို့နယ်မှ အမျိုးသား တစ်ဦး ပေါင်း အမျိုးသား ၃၃၈ ဦး၊ အမျိုးသမီး ၃၈ ဦး စုစုပေါင်း ၃၇၆ ဦးတို့ကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အရာရှိစစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 အမျိုးအစားသေနတ် ရှစ်လက်၊ MA -2 အမျိုးအစားသေနတ် နှစ်လက်၊ MA -3 အမျိုးအစားသေနတ် ရှစ်လက်၊ M -22 အမျိုးအစားသေနတ် နှစ်လက်၊ AK-47 အမျိုးအစားသေနတ် တစ်လက်၊ MA -11 အမျိုးအစားသေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ် နှစ်လက်၊ ပစ္စတိုသေနတ် နှစ်လက်၊ လက်လုပ်သေနတ် အမျိုးအစား ၁၂ လက်၊ ကျည်အိမ်မျိုးစုံ ၃၉ ခု၊ကျည်မျိုးစုံအတောင့် ၇၉၀၊ လက်ပစ်ဗုံး







မျိုးစုံ ငါးလုံး၊ စကားပြောစက် သုံးလုံးနှင့် မှန်ပြောင်း တစ်လက်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် ၂၄ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၂၀၀၊ ပစ္စတိုသေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၄၀၊ လက်လုပ်သေနတ် ၁၂ လက်အတွက် ဆုကြေး ငွေကျပ် သိန်း ၆၀၊ လက်ပစ်ဗုံး ငါးလုံးအတွက် ဆုကြေးငွေကျပ် ၁၅ သိန်း၊ စကားပြောစက် သုံးလုံးအတွက် ဆုကြေးငွေကျပ် ခြောက်သိန်း၊ မှန်ပြောင်း တစ်လက်အတွက် ဆုကြေးငွေကျပ် နှစ်သိန်း၊ လက်နက်မပါ အလင်းဝင်ရောက်လာသူများကိုတစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် ၃၄၁ ဦးအတွက် ဆုကြေးငွေကျပ် ၃၄၁ သိန်း စုစုပေါင်း ငွေကျပ်၁၆၆၄သိန်းကို ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်ခဲယမ်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဖက်ရည်၊ မုန့်တို့ဖြင့် တည့်ခင်းဧည့်ခံသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော် TNLA အဖွဲ့ထဲကို ဘယ်လိုရောက်ရှိသွားလဲဆိုတော့ ကျွန်တော်က တောင်ယာခုတ်နေတုန်းမှာ TNLA အဖွဲ့တွေက ကျွန်တော့်ကိုဖမ်းဆီးလို့ ကျွန်တော်က တောထဲကို လိုက်သွားရပါတယ်။ သင်တန်းမှာရောက်တော့ ကျွန်တော့်ကို ဖမ်းဆီးရိုက်နှက်တာတွေလဲ ရှိခဲ့တယ်။ ကျွန်တော့်ကို သင်တန်းဆင်းတဲ့အချိန်တွေလဲ ကျွန်တော့်ကို လူမျိုးရေးခွဲခြားပြီး ဆက်ဆံတာလဲရှိခဲ့တယ်။ ကျွန်တော်တို့ ဗမာတွေကို ပိုပြီးမှနှိမ့်ချပြီးမှ ဆက်ဆံတာလဲ ပိုပြီးမှများခဲ့တယ်။ အဲ့ဒါတွေကို ကျွန်တော်တို့မကျေနပ်လို့ တပ်မတော်ကိုပဲချိတ်ဆက်ပြီးမှ ကျွန်တော်တို့အလင်းဝင်ဖို့ ချိတ်ဆက်ခဲ့ရပါတယ်။ ထင်ခဲ့တာက အလင်းဝင်တဲ့အခါကျရင် ကျွန်တော်တို့ကို ဖမ်းဆီးရိုက်နှက်မယ်လို့ ကျွန်တော်က ထင်ခဲ့တာ။ အလင်းဝင်ပြီး ပြန်ခဲ့တဲ့ သူငယ်ချင်းတွေရှိတော့လဲ သူတို့ကို မေးကြည့်လိုက်တော့ ကောင်းမွန်စွာနွေးထွေးကြိုဆိုတယ်ပြောလို့ ကျွန်တော်တို့လဲ အဲ့ဒါနဲ့ တပ်မတော်ကို သတင်းပို့ပြီးမှ ကျွန်တော်တို့ အလင်းဝင်ဖို့ဆုံးဖြတ်ခဲ့တာပါ။ ကျွန်တော်တို့ အလင်းဝင်တဲ့အခါ တပ်မတော်က ကျွန်တော်တို့ မိသားစုတွေလိုပဲ နွေးထွေးကြိုဆိုတာတွေလဲရှိတယ်။ တကယ့် ညီအစ်ကိုမောင်နှမအရင်းတွေလိုပဲ ကျွန်တော်တို့ကို ထားပေးတယ်။ နေမကောင်းတဲ့ ညီအစ်ကိုမောင်နှမတွေ ရှိခဲ့ရင်လဲ သူတို့က ကျွန်တော်တို့ကိုတတ်နိုင်သလောက် ဆေးရုံဆေးခန်းတွေမှာ လိုက်ပို့ခဲ့တာတွေရှိတယ်။ ကျွန်တော်တို့ဆိုရင် လုံးဝကို အဲ့ဒီလိုမထင်ထားဘူး။ အခုဆိုလဲ ကျွန်တော်တို့မိသားစုနဲ့လဲဆုံတွေ့ရတော့ မှာမို့လို့ ကျွန်တော် အရမ်းဝမ်းသာပါတယ်။ တောထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေလဲ အကုန်လုံးအမြန်ဆုံးအမြင်မှန်ရပြီးမှ အလင်းဝင်လာဖို့အတွက်လဲ ဖိတ်ခေါ်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော် မုံရွာတပ်ရင်းထဲမှာ စပြီးတော့ဝင်ခဲ့ပါတယ်။ သင်တန်းပြီးတဲ့အခါမှာလဲ ကျွန်တော်တို့ကို လက်နက်ခဲယမ်း ထုတ်လုပ်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ အစိုးရပိုင် တာဝါတိုင်တွေ၊ အစိုးရပိုင် အဆောက်အအုံတွေ ဖျက်ခဲ့ရပါတယ်။ ရလာတဲ့ပစ္စည်းတွေကို ကျွန်တော်တို့ လက်နက်ခဲယမ်းပြန်ပြီးတော့ ထုတ်လုပ်ပါတယ်။ ထုတ်လုပ်တဲ့နေရာမှာလဲ ကျွန်တော်တို့ စမ်းသပ်တဲ့နေရာမှာ အသက်ပေးခဲ့ရတာတွေရှိခဲ့ပါတယ်။ ကိုယ်လက်အင်္ဂါ ဆုံးရှုံးသွားတာတွေလဲ တော်တော်များများရှိခဲ့ပါတယ်။ ကျွန်တော် ပြေးပြန်တော့လဲ ကျွန်တော်တို့ မိသားစုတွေနဲ့ပြန်ပြီးအကျပ်ကိုင်ပါတယ်။ ရှမ်းမြောက်စစ်ဆင်ရေးမှာကျတော့ MNDAA တို၊ TNLA တို့ လက်နက်ကိုင်အဖွဲ့တွေလဲ ပါခဲ့ပါတယ်။ တိုက်ရေးခိုက်ရေးဆို ကျွန်တော်တို့ ဗမာ PDF တွေပဲ ရှေ့က အသက်တွေရင်းပြီးတော့ တိုက်ခဲ့ရပါတယ်။ အလင်းဝင်ဖို့ဆိုတာ ကျွန်တော်တို့ စဉ်းစားခဲ့ပါတယ်။ ဘာလုပ်မှာတုံး၊ ဒီလူ တစ်စုကောင်းစားဖို့ ကိုယ့်အသက်တွေ ဘာဖြစ်လို့စတေးတော့မှာလဲ ကိုယ့်မိသားစု၊ ကိုယ်လူ့ပတ်ဝန်းကျင်ကောင်းစားဖို့အတွက်ပဲ။ ပြည်သူတွေနဲ့ တစ်သားတည်းနေပါလို့ ဖိတ်ခေါ်ချင်ပါတယ်။ တပ်မတော်ကလဲ မိသားစုသဖွယ်ပဲ နွေးထွေးကြိုဆိုပါတယ်"ဟု ပြောသည်။

"သမီး အဖွဲ့အစည်းထဲကို စရောက်သွားတဲ့အချိန်က အသက်က ၁၆ နှစ်၊ ဘယ်လိုလုပ်ပြီး အဖွဲ့အစည်းထဲရောက်သွားလဲဆိုရင် ဘော်ဒါဆောင်မှာ သူငယ်ချင်းတွေပြောတာတွေကိုနားယောင်ပြီးတော့မှ ပါသွားတာဖြစ်ပါတယ်။ သင်တန်းထဲမှာလဲ သမီးလိုမျိုး အသက်မပြည့်တဲ့သူတွေကို မြင်ခဲ့ရတယ်။ တချို့တွေဆိုရင် အတင်းအဓမ္မ ခေါ်ခံရတဲ့သူတွေပါတယ်၊ အိမ်ကို ခြိမ်းခြောက်ပြီးတော့မှ ခေါ်ခံရတဲ့သူတွေလဲပါတယ်။ သင်တန်းမှာလဲ သူတို့ရဲ့ယုတ်မာမှုတွေ၊ မသမာမှုတွေကို သမီးတို့ သိခဲ့ရတယ်၊ မြင်ခဲ့ရတယ်။ ဒီအဖွဲ့အစည်းက မကောင်းဘူး၊ ဒီလမ်းစဉ်က မကောင်းဘူးဆိုတာ သိခဲ့တဲ့နောက်ပိုင်း ဒီအလုပ်ကို ဆက်မလုပ်ချင်တော့ဘူး။ သင်တန်းဆင်းပြီး အိမ်ပြန်ဖို့အခွင့်အရေးရတဲ့အချိန်မှာ သမီးက တစ်ခါတည်းထွက်ပြေးခဲ့တယ်။ ထွက်ပြေးခဲ့တဲ့အချိန်မှာ သူတို့က အိမ်ကိုလာရှာတယ်၊ အိမ်ကိုခြိမ်းခြောက်တာတွေရှိခဲ့တယ်၊ ပြီးတော့ အိမ်မှာပေါ့ အစားထိုးခေါ်မယ်ပေါ့။ အဲ့ဒီလိုမျိုးတွေ ခြိမ်းခြောက်တာတွေရှိခဲ့တယ်။ ပြီးတော့ ငွေညှစ်ပြီးတော့ ပိုက်ဆံတောင်းတာတွေလဲရှိပါတယ်။ အွန်လိုင်းကနေပြီးတော့ ခြိမ်းခြောက်တာတွေ ဘာတွေရှိခဲ့ပါတယ်။ တပ်မတော်ကနေပြီးတော့မှ အလင်းဝင်တဲ့သူတွေကို နွေးနွေးထွေးထွေးကြိုဆိုတာ မြင်ရတော့ သမီးလဲ အမြင်မှန်ရရှိပြီးတော့မှ အလင်းဝင်ဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ အလင်းဝင်တဲ့အချိန်မှာလဲ သမီးတို့ကို တပ်မတော်ဘက်က နွေးနွေးထွေးထွေးကြိုဆိုပေးတယ်၊ မိဘတွေနဲ့လဲတွေ့ဖို့စီစဉ်ပေးတယ်၊ နေဖို့ထိုင်ဖို့ စားရေးသောက်ရေးကအစ အကုန်လုံးစီစဉ်ပေးတယ်။ ကိုယ့်ရဲ့ မိသားစု ကိုယ့်ရဲ့သားသမီးလိုမျိုးစောင့်ရှောက်ပေးတယ်။ သူတို့ပြောသလိုမျိုး တပ်မတော်က အလင်းဝင်တဲ့သူတွေရဲ့ မိသားစုတွေကို ဖမ်းဆီးပြီး နှိပ်စက်တာတွေမရှိဘူးပါဘူး။ တစ်ခုမှ မဟုတ်ပါဘူး။ ကျန်ခဲ့တဲ့ သမီးရဲ့ သူငယ်ချင်းတွေကို မြန်မြန်အမြင်မှန်ရရှိပြီး မြန်မြန်အလင်းဝင်လာဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။ (၅၀၁)

## ရန်ကုန်မြို့တွင်း သဘာဝဓာတ်ငွေ့ယိုစိမ့်မှုများ စစ်ဆေးခြင်း၊ ပြည်သူအများ ဘေးအန္တရာယ်ကင်းစွာသွားလာနိုင်ရေး ပိုက်လိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၁၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကုန်းတွင်းနှင့်ကမ်းလွန်လုပ်ကွက်များမှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲနိုင်ရန်အတွက် နိုင်ငံအတွင်း ပိုက်လိုင်းကွန်ရက်များ တည်ဆောက်၍ ပေးပို့ဖြန့်ဖြူးလျက်ရှိသည်။ တည်ဆောက်ခဲ့သည့် ပိုက်လိုင်းများ၏ အမျိုးအစားကြောင့်လည်းကောင်း၊ သက်တမ်းကာလ ကြာမြင့်မှုကြောင့်လည်းကောင်း၊ မတော်တဆထိခိုက်မှုများကြောင့်လည်းကောင်း ပေါက်ကွဲခြင်း၊ ကျိုးပြတ်ခြင်း၊ သံချေးစားယိုစိမ့်ခြင်းများ ဖြစ်ပေါ်တတ်ရာ ပိုက်လိုင်းများပြင်ဆင်ခြင်း၊ အစားထိုးခြင်းများကို ပြုပြင်ထိန်းသိမ်းရေးအစီအမံများချ၍ နှစ်စဉ်ပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

ရန်ကုန်ဧရိယာအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ၊ အစိုးရနှင့်ပုဂ္ဂလိက စက်ရုံအလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းများဖြင့် ပေးပို့လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇွန် ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၁၂၀)သို့ ဆက်သွယ်ထားသော လေးလက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် သာကေတမြို့နယ် (၁) ရပ်ကွက် ရောဝဏ်လမ်းမကြီးအောက်တွင် ယိုစိမ့်မှုဖြစ်ပွားနေကြောင်း သတင်းပေးပို့ချက်များအရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပိုက်လိုင်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့သည် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ဓာတ်ငွေ့ပို့လွှတ်မှုကို နံနက် ၁၀ နာရီခွဲတွင် ခေတ္တရပ်ဆိုင်းပြီး အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ပြုပြင်မှုလုပ်ငန်းများကို ဇွန် ၂၂ ရက်ထိ ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ် (၁၂၀)၏ ဓာတ်ငွေ့ရောင်းချမှုကို ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်းနှင့် အလားတူ ပိုက်လိုင်းယိုစိမ့်မှုများကို တွေ့ရှိပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ရွာမသဘာဝဓာတ်ငွေ့ထိန်းဖြန့် စခန်း တာဝန်ခံ ဖုန်းနံပါတ် - ၀၉၇၉၅၅၀၃၈၂၈ သို့ ဆက်သွယ်အကြောင်းကြားပေးနိုင်ရန် အသိပေး မေတ္တာရပ်ခံထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် YiLink ဟိုတယ်၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို တွေ့ရစဉ်။





မကွေးတိုင်းဒေသကြီး အောင်လံမြို့ မန်ကျည်းကုန်းရပ်ကွက်ရှိ အောင်လံ Resort Hotel ၌ ခွန်အောင်ဝင်း၊ မနန်းဒေစီအောင်တို့ကို မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



မကွေးတိုင်းဒေသကြီး အောင်လံမြို့ မန်ကျည်းကုန်းရပ်ကွက်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

**❍ မူးယစ်ဆေးဝါးမှ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး အောင်လံမြို့ မန်ကျည်းကုန်းရပ်ကွက်ရှိ အောင်လံ Resort ဟိုတယ်၌ ရမည်းသင်းမြို့နယ်မှ ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောက်ရှိနေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက ဇွန် ၁၇ ရက် ညနေပိုင်းတွင် သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဟိုတယ်၌ တည်းခိုနေထိုင်သည့် ခွန်အောင်ဝင်း ၂၅ နှစ်နှင့် ဇနီးဖြစ်သူ မနန်းဒေစီအောင် ၂၁ နှစ်တို့၏ ခရီးဆောင်အိတ်များအတွင်းမှ တစ်အိတ်လျှင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပါ အထုပ် ၂၀ ပါရှိသည့် လက်ဆွဲအိတ် ၁၀ အိတ်၊ ဆေးပြားပေါင်း သိန်း ၂၀ ကိုလည်းကောင်း၊ ဟိုတယ်တွင်ရပ်တန့်ထားသည့် ယာဉ်အမှတ် YGN-18/ RLG ------ HONDA STEPWAGON (လိုင်စင်မဲ့) ယာဉ်ပေါ်မှ ဝါသေဌ ခေါ် ဝင်းနိုင်နှင့်အတူ ယာဉ်နောက်ခန်းအတွင်း၌ ဆာလာအိတ်တစ်အိတ်လျှင် WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပါ အထုပ် ၂၀ စီပါရှိသည့် ဆာလာအိတ် ၁၅ အိတ်၊ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း သိန်း ၃၀ တို့ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြားပေါင်း သိန်း၅၀ ကာလတန်ဖိုးခန့်မှန်း ငွေကျပ် ၁၀ ဘီလီယံခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ ဆက်စပ်တရားခံ ဖမ်းဆီးရမိရေး လိုအပ်သည့်စစ်ဆေးရှာဖွေမှုများ ဆက်လက်ပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးပို့ဆောင်ရာတွင် ပါဝင်သည့် အောင်လေး ခေါ် အောင်နိုင်မင်း ၄၉ နှစ်ကို အဆိုပါရက်၌ အောင်လံမြို့နယ် မိုးဖုန်းကျေးရွာတွင် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်အတွင်းရှိ YiLink ဟိုတယ်၌ မူးယစ်ဆေးဝါး သယ်ဆောင်လာသူများ လာရောက်တည်းခို နေထိုင်ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် သွားရောက်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ရေဝတ ခေါ် ဝင်းဇော် ၄၀ နှစ်နှင့်အတူ ကားပါကင်၌ရပ်တန့်ထားသည့် ယာဉ်အမှတ် RLG--- BOXY အမျိုးအစား ယာဉ်ပေါ်တွင် ဆာလာအိတ်လေးအိတ်အတွင်းမှ WY/R စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပါ အထုပ် ၁၁၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁ သိန်း ကာလတန်ဖိုးခန့်မှန်း ငွေကျပ် ၁ ဒသမ ၆၅ ဘီလီယံကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံများဖြစ်သည့် ဇော်ဇော်နိုင် ၃၃ နှစ်၊ စိုးမင်းထွန်း ၄၀ နှစ်နှင့် မောင်ဝင်းကြီး ၃၃ နှစ်တို့ကို အဆိုပါဟိုတယ်၌ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် တရားခံများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၁၉-၆- ၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၈ ~ ၃၆၆၃.၈ | ၅၃၇ ~ ၅၃၇.၁ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၁,၁၁၆,၃၅၇.၅၇ | ၂၇,၀၀၁,၈၀၄.၉၂ | ၃၆,၃၃၂,၆၈၃.၈၄ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ မျိုးစေ့၊ ဆိုလာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန် ဒေါ်လာ သုည ဒသမ ဝ၈ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ ( ၁၉ - ၆ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မုံရွာ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ဂန့်ဂေါ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မြောင်းမြ | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

## နန့်ယင်း၊ နန့်ကောင်းချောင်းရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၁၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်း ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၁၉

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံး ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံအလုံး ၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီကို တွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီး မှတ်တမ်းဓာတ်ပုံ။

# ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း ၁၃၉၈၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးကို သထုံမြို့၌ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၉

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင် ရောင်းဝယ်မှုတားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက်စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီးကို ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာရှိ ဒုံသမိတံတားဂိတ်၌ စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာရှိ ဒုံသမိတံတားဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ မော်တော်ယာဉ်များကို ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဇွန် ၁၈ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် သထုံဘက်မှ ယာဉ်မောင်း ကျော်မင်းနိုင် ခေါ် သိန်းဇော် ၃၅ နှစ် မောင်းနှင်လာသည့် PAJERO အမျိုးအစား ခဲရောင်မော်တော်ယာဉ် လိုင်စင်(စိစစ်ဆဲ)ကိုစစ်ဆေးရာ မော်တော်ယာဉ်၏ နောက်ခန်းကြမ်းခင်း အံဝှက်အတွင်း အကြည်ရောင် ပလတ်စတစ်အိတ်ဖြင့်ထုပ်ပိုး၍ အဖြူရောင်မှိုင်းခံစက္ကူအတွင်း အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက်တစ်အိတ်လျှင် အပြား ၂၀၀ စီပါ အိတ် ၁၃၂၀ (WY စာတန်းပါ) စိတ်ကြွဆေးပြား ၂၆၄၀၀၀၊ မော်တော်ယာဉ်၏ ရှေ့ညာဘက်ဘီးဖုံး အပေါ် အံဝှက်အတွင်းမှ အကြည်ရောင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုး၍ အဖြူရောင် မှိုင်းခံစက္ကူအတွင်း အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် တစ်အိတ်လျှင် အပြား ၂၀၀ စီပါ အိတ် ၅၄၀(WYစာတန်းပါ) စိတ်ကြွဆေးပြား ၁၀၈၀၀၀ နှင့် မော်တော်ယာဉ်၏ ရှေ့ဘယ်ဘက်ဘီးဖုံး အပေါ် အံဝှက်အတွင်းမှ အကြည်ရောင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုး၍ အဖြူရောင်မှိုင်းခံစက္ကူအတွင်း အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် တစ်အိတ်လျှင် အပြား ၂၀၀ စီပါ အိတ် ၄၇၀ (WYစာတန်းပါ) စိတ်ကြွဆေးပြား ၉၄၀၀၀ စုစုပေါင်း WYစာတန်းပါ စိတ်ကြွဆေးပြား ၄၆၆၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၁၃၉၈၀ ခန့်ကိုတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ၊ ဖမ်းဆီးရမိ မော်တော်ယာဉ်တို့ကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံ၍ လုပ်ထုံးလုပ်နည်းများနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သတင်းများရရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန်လိုအပ်ကြောင်းနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးဖြစ်စဉ်များတွင် အဓိက ပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့် အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



သထုံမြို့နယ် ဒုံသမိတံတားဂိတ်၌ ကျော်မင်းနိုင် ခေါ် သိန်းဇော်ကို စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ ဝမ်လန်းကျေးရွာအနီး၌ တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦး၊ လာအိုနိုင်ငံသား အမျိုးသားနှစ်ဦး စုစုပေါင်း ၁၉ ဦးတို့ကို တရားမဝင်ရွှေတူးဖော်ရာတွင်အသုံးပြုသည့်ယာဉ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၉

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှုများနှင့် နယ်စပ်ဒေသများတွင် တရားမဝင်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ တားဆီးကာကွယ်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာအုပ်စု ဝမ်လန်းကျေးရွာအနီးတွင် တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးနှင့် လာအိုနိုင်ငံသားနှစ်ဦးတို့ကို တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ယာဉ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာအုပ်စု ဝမ်လန်းကျေးရွာအနီးတွင် တရားမဝင် ရွှေတူးဖော်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းခြင်းများ သွားရောက်ဆောင်ရွက်ရာ ယနေ့ မွန်းလွဲ ၁ နာရီခန့်တွင် အဆိုပါကျေးရွာ၏ တောင်ဘက် မီတာ ၄၅၀ ခန့်အကွာတွင် ရွှေတူးဖော်ရန်ပြင်ဆင်နေသည့် ရွှေမျောဖောင်တစ်စီးပေါ်မှ တရုတ်နိုင်ငံသား အမျိုးသား ၁၁ ဦး၊ လာအိုနိုင်ငံသား တစ်ဦးတို့ကိုလည်းကောင်း၊ အဆိုပါနေရာ၏ အနောက်တောင်ဘက် မီတာ ၆၀၀ ခန့်အကွာတွင် ရွှေမျောဖောင်တစ်စီးပေါ်မှ တရုတ်နိုင်ငံသား ခြောက်ဦး၊ လာအိုနိုင်ငံသား တစ်ဦး စုစုပေါင်း တရုတ်နိုင်ငံသား ၁၇ ဦးနှင့် လာအိုနိုင်ငံသား နှစ်ဦးတို့ကို ဂက်စ်အိုး နှစ်လုံး၊ လေအိုးအရှည် ၁၃ လုံး၊ ဒိုင်နမို နှစ်လုံး၊ ရွှေတူးရာတွင်အသုံးပြုသည့် ရော်ဘာပြားတစ်လိပ်၊ GUANXI YUCHAI ENGINE ဒိုင်နမိုတွဲလျက်မီးစက်တစ်လုံး၊ အလျားပေ ၁၂၀၊ အနံ ၃၇ ပေ၊ အခန်းခြောက်ခန်းပါ ဆောက်လုပ်ဆဲ ရွှေမျောစင်တစ်ခု၊ STRAIONARY DIESEL ENGINE RATE POWER 250 တစ်လုံးတို့နှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုမည့်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖျက်ဆီးခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားမဝင်ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသားများကိုလည်း ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ ဝမ်လန်းကျေးရွာအနီး၌ ရွှေမျောဖောင်များနှင့် ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား ၁၇ ဦး မှတ်တမ်းဓာတ်ပုံ။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသအချို့တွင် မသမာသူများ၏ တရားမဝင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် သယံဇာတ တူးဖော်ထုတ်လုပ်မှုများကြောင့် နိုင်ငံ၏ သယံဇာတများဆုံးရှုံးခြင်းအပြင် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ကာ မြစ်ချောင်းများ ပျက်စီးတိမ်ကောခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ မြစ်ရေ၊ ချောင်းရေကို မှီခိုနေရသည့် ပြည်သူများအတွက် အခက်အခဲဖြစ်စေနိုင်သည့်အပြင် ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်စေခြင်း၊ ရေသယံဇာတများရှားပါးနိုင်ခြင်းစသည်တို့အပါအဝင် မြောက်မြားလှစွာသောထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည့်အတွက် မြေအောက်သယံဇာတများ တရားမဝင် စည်းကမ်းမဲ့တူးဖော်ထုတ်လုပ်မှုများအားလုံးကို ထိထိရောက်ရောက် အရေးယူရှင်းလင်းဖယ်ရှားခြင်းများဆောင်ရွက်လျက်ရှိပြီး တရားမဝင် သယံဇာတတူးဖော်ခြင်း ဆောင်ရွက်သူများကိုလည်း ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ ဝမ်လန်းကျေးရွာအနီး၌ ရွှေမျောဖောင်များနှင့် ဖမ်းဆီးရမိသည့် လာအိုနိုင်ငံသားနှစ်ဦး မှတ်တမ်းဓာတ်ပုံ။



တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ ဝမ်လန်းကျေးရွာအနီး ရွှေမျောဖောင်များ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ ဝမ်လန်းကျေးရွာအနီး ရွှေမျောဖောင်များပေါ်မှ ပစ္စည်းများဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီနိုင်ငံက IRIS-T ဒုံးကျည်တပ်ဆင်နိုင်သော Cobra 600 မောင်းသူမဲ့လေယာဉ်ကို ထုတ်ဖော်ပြသ




ဂျာမနီနိုင်ငံသည် IRIS-T ဒုံးကျည် တပ်ဆင်နိုင်သော Cobra 600 မောင်းသူမဲ့ လေယာဉ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Defense News သတင်းဌာနက ဇွန် ၁၂ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံအခြေစိုက် Diehl Defence ကုမ္ပဏီသည် IRIS-T ဒုံးကျည်များ ကို တပ်ဆင်ပစ်ခတ်နိုင်သည့် Cobra 600 အမည်ရှိ ဂျက်အင်ဂျင်သုံး မောင်းသူမဲ့ လေယာဉ်ကို ILA Berlin လေကြောင်းပြပွဲ တွင် ပထမဆုံးအကြိမ် ထုတ်ဖော်ပြသ ခဲ့ခြင်းဖြစ်သည်။ Cobra 600 မောင်းသူမဲ့ လေယာဉ်သည် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့များ အတွက် တိုက်ခိုက်မှုအကွာအဝေးကို ပိုမိုချဲ့ထွင်ပေးနိုင်ပြီး ရန်သူ့တိုက်ခိုက်မှု များကို ပိုမိုရှုပ်ထွေးစေမည့် ရှေ့တန်း ပစ်မှတ်လွှတ်တင်စင်တစ်ခုအဖြစ် ဒီဇိုင်း ထုတ်ထားခြင်းဖြစ်သည်။

Cobra 600 မောင်းသူမဲ့လေယာဉ်သည် သာမန် တိုက်ခိုက်ရေးဒရုန်းများကဲ့သို့ ကိုယ်ပိုင်တိုက်ခိုက်မှုများ ပြုလုပ်သည် ထက် ဝေဟင်တွင် ဒုံးကျည်များကို အသင့် အနေအထားဖြင့် သယ်ဆောင်နိုင်ပြီး လိုအပ်သည့်နေရာတွင် ပစ်လွှတ်ပေးသည့် စနစ်တစ်ခုအဖြစ် ပိုမိုလုပ်ဆောင်သည်။ ၎င်း၏အဓိကတန်ဖိုးမှာ မြေပြင်ရေဒါများ နှင့် ပစ်လွှတ်စင်များထံမှ ဒုံးကျည်ပစ်လွှတ် သည့်နေရာကို ခွဲထုတ်လိုက်ခြင်းဖြင့် လေကြောင်းရန်ကာကွယ်ရေး ကွန်ရက် ကို ပြောင်းလဲပစ်ရန် ဖြစ်သည်။ အဆိုပါ လေယာဉ်သည် ၆၀၀ စင်တီမီတာ ရှည်လျားပြီး ဂျက်အင်ဂျင်လေးလုံးဖြင့် မောင်းနှင်နိုင်ရန် စီစဉ်ထားသော်လည်း လေကြောင်းပြပွဲတွင် JetCat P1000-PRO ဂျက်အင်ဂျင် နှစ်လုံးတပ်ဆင် ပြသခဲ့သည်။ အပေါ်ဘက်တွင် တပ်ဆင် ထားသော ပစ်လွှတ်စင်တစ်ခုမှတစ်ဆင့် IRIS-T ဒုံးကျည်ကို ပစ်ခတ်နိုင်မည်ဖြစ်ပြီး၊ ၎င်းသည် NATO စံနှုန်းမီ တိုက်လေယာဉ် လက်နက်တပ်ဆင်မှုပုံစံကို အသုံးပြုထား ခြင်းဖြစ်သည်။

ဤစနစ်၏ အားသာချက်မှာ ဒုံးကျည် ၏ ပစ်ခတ်နိုင်စွမ်းကို မြေပြင်မှမဟုတ်ဘဲ ဝေဟင်သို့ ရွှေ့ပြောင်းပေးလိုက်ခြင်းဖြစ် သည်။ သမားရိုးကျ မြေပြင်ပစ် IRIS-T စနစ်များထက် ပစ်မှတ်ကို ပိုမိုဝေးကွာ သောနေရာမှ ကြိုတင်တိုက်ခိုက်နိုင်မည် ဖြစ်သည်။ Cobra 600 မောင်းသူမဲ့လေ ယာဉ်ကိုအသုံးပြုရာတွင် မြေပြင်ရေဒါများ က ပစ်မှတ်ကို ထောက်လှမ်းပေးပြီး Da-takink မှတစ်ဆင့် လမ်းညွှန်ပေးမည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ခရုဇ်ဒုံးကျည်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် အနိမ့်ပျံ သန်းသော လေယာဉ်များကို ရှောင်တခင် တိုက်ခိုက်မှု များ ပြုလုပ်နိုင်မည်ဖြစ်သည်။ သို့သော်လည်း ဤလေယာဉ်တွင်ကိုယ်ပိုင် ထောက်လှမ်းရေးရေဒါများ မပါဝင်ဘဲ IRIS-T ဒုံးကျည်၏ လမ်းညွှန်မှုစနစ်ကိုသာ မှီခိုရမည်ဖြစ်သည်။

Cobra 600 မောင်းသူမဲ့လေယာဉ် သည် မြေပြင်အခြေစိုက် ပစ်လွှတ်စင်များ ကို ရန်သူ့လက်မှ လွတ်ကင်းစေရန် ကူညီ ပေးနိုင်ပြီး ဒရုန်းနှင့်ဒုံးကျည်ခြိမ်းခြောက်မှု များကို အလယ်အလတ်အမြင့်တွင် စောင့် ဆိုင်း တိုက်ခိုက်နိုင်မည်ဖြစ်သည်။ Diehl Defence ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်တွင် IRIS-T စနစ်ထုတ်လုပ်မှုကို တိုးမြှင့်လျက် ရှိရာ Cobra 600 မောင်းသူမဲ့လေယာဉ် သည် မြေပြင်အခြေစိုက် လေကြောင်းရန် ကာကွယ်ရေးကို အစား ထိုးခြင်းမဟုတ်ဘဲ ပစ်ခတ်သည့်နေရာများ ကို ခွဲဝေဖြန့်ကြက် ခြင်းဖြင့် ကာကွယ်ရေးနယ်မြေများကိုပိုမို ခန့်မှန်းရခက်စေရန်ရည်ရွယ်သည့် စနစ် သစ်တစ်ခုပင်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် IRIS-T ဒုံးကျည်စနစ်ကို နိုင်ငံပေါင်း ၂၁ နိုင်ငံတွင် အသုံးပြုလျက်ရှိ ရာ Cobra 600 မောင်းသူမဲ့လေယာဉ်၏ ပေါ်ထွက်လာမှုသည် အဆိုပါနိုင်ငံများ အတွက် ပိုမိုပြည့်စုံသော ကာကွယ်ရေး စွမ်းရည်ကို ပေးအပ်နိုင်မည်ဖြစ်သည်။ စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၏အဆို အရ ဤလေယာဉ်သည်ရေဒါထောက်လှမ်း မှုမှ လွတ်ကင်းအောင် ပျံသန်းနိုင်ရုံသာမက တန်ဖိုးကြီးမားသော လေကြောင်းရန် ကာကွယ်ရေး ရေဒါစခန်းများကိုလည်း ရန်သူ့တိုက်ခိုက်မှုအန္တရာယ်မှ ကာကွယ် ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Germany Reveals Cobra 600 UAV to Launch IRIS-T Missiles Beyond Ground Air Defense Range** ကို ဘာသာ ပြန်ဆိုထားပါသည်။

## အိန္ဒိယနိုင်ငံ Phase-2 BMD စီမံကိန်း၏ နောက်ဆုံးအဆင့်စမ်းသပ်မှု အောင်မြင်စွာပြီးဆုံးခဲ့



အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးသုတေ သနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) သည် ၎င်းတို့၏ Phase 2 BMD စီမံကိန်း နောက်ဆုံးအဆင့် စမ်းသပ်မှုများကို အောင်မြင်စွာပြီးဆုံးခဲ့ပြီး တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည် (ICBM) ခြိမ်းခြောက်မှုများ ကို ခုခံကာကွယ်ရန်အတွက် အဓိက ခြေလှမ်းတစ်ရပ်ကို လှမ်းနိုင်ခဲ့ကြောင်း The Defence Post သတင်းဌာနက ဇွန် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါကာကွယ်ရေးစနစ်တွင် AD-1 နှင့် AD-2 ဟုခေါ်သောကြားဖြတ်တိုက်ခိုက် ရေး ဒုံးကျည်နှစ်မျိုးပါဝင်သည်။ ၎င်းတို့ကို လေထုအတွင်းပိုင်းနှင့် လေထုပြင်ပဟူ၍ ပျံသန်းမှုအဆင့်နှစ်မျိုးစလုံးတွင် ပဲ့ထိန်း ဒုံးကျည်များကို ကြားဖြတ်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဌာန၏ ထုတ်ပြန်ချက်အရ ဤစနစ်သည် ICBM ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိ သည်ဟု ဆိုသော်လည်း The New Indian Express ၏ ဖော်ပြချက်အရ မကြာသေးမီ က ပြုလုပ်ခဲ့သော စမ်းသပ်မှုများမှာအကွာ အဝေး ၂၀၀၀ ကီလိုမီတာမှ ၅၀၀၀ ကီလို မီတာရှိသော ကြားဖြတ်ပဲ့ထိန်းဒုံးကျည် များကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။ စံသတ်မှတ်ချက်များအရ ICBM များသည် အကွာအဝေး ၅၅၀၀ ကီလိုမီတာ ကျော်လွန်မှသာ သတ်မှတ်ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံဝန်ကြီးဌာနက "ကြားဖြတ် ဒုံးကျည်များသည် ပစ်မှတ်များကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည်။ ဤ စနစ်များကို ပေါ်ပေါက်လာမည့် ဒုံးကျည် ခြိမ်းခြောက်မှုများကိုရင်ဆိုင်နိုင်ရန် နောက် ဆုံးပေါ် နည်းပညာများဖြင့် ဒီဇိုင်းထုတ် ထားခြင်းဖြစ်ကြောင်း" ထုတ်ပြန်ထားသည်။

ဤ BMD စီမံကိန်းကို ၁၉၉၈ ခုနှစ် ပါကစ္စတန်၏ နျူကလီးယားစမ်းသပ်မှု များအပြီး ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ခြင်း ဖြစ်သည်။ ပထမဆုံး အဓိကမှတ်တိုင်ကို ၂၀၀၆ ခုနှစ်တွင်ရရှိခဲ့ပြီး Prithvi-II ပဲ့ထိန်းဒုံးကျည်ကို အမြင့် ၄၈ ကီလိုမီတာ (မိုင် ၃၀) ခန့်တွင် အောင်မြင်စွာ ကြားဖြတ် ဖျက်ဆီးနိုင်ခဲ့သည်။

ပထမအဆင့် (Phase 1) BMD စီမံကိန်း၏ စမ်းသပ်မှုကို ၂၀၁၉ ခုနှစ်တွင် ပြီးစီးခဲ့ပြီး အိန္ဒိယ၏မြို့တော် ဒေလီနှင့် စီးပွားရေးမြို့တော် မွန်ဘိုင်းတို့ကိုကာကွယ် ရန် ရည်ရွယ်သည်။ ၎င်းတွင် Prithvi Defence Vehicle နှင့် Advanced Air Defence ကြားဖြတ်ဒုံးကျည်များ ပါဝင်ပြီး အမြင့် ၁၀၀ ကီလိုမီတာနှင့် ၂၅ ကီလိုမီတာ အသီးသီးတွင် ပစ်မှတ်များကိုကြားဖြတ် တိုက်ခိုက်နိုင်သည်။

ရေဒါကွန်ရက်အပြင် BMD ဖွဲ့စည်းပုံ တွင် ကြားဖြတ်ဒုံးကျည်လွှတ်စင်များ၊ လွှတ်တင်မှု ထိန်းချုပ်ရေးစင်တာများနှင့် မစ်ရှင်ထိန်းချုပ်ရေးစင်တာများ ပါဝင် သည်။ ဤအစိတ်အပိုင်းများကို ပထဝီဝင် အရ နေရာခွဲ၍ လုံခြုံသော ဆက်သွယ်ရေး ကွန်ရက်ဖြင့် ချိတ်ဆက်ထားခြင်းကြောင့် ပစ်မှတ်များကို ခြေရာခံခြင်း၊ တိုက်ခိုက် ခြင်းနှင့် စစ်ဆင်ရေးစီမံခန့်ခွဲခြင်းတို့ကို အချိန်နှင့် တစ်ပြေးညီ ပေါင်းစပ်ဆောင် ရွက်နိုင်သည်။

အိန္ဒိယသည် (Phase 3) BMD စီမံ ကိန်းကိုလည်း ဆက်လက်လုပ်ဆောင်နေ သည်။ ၎င်းတွင် ဟိုက်ပါဆောနစ်လက်နက် များ (Hypersonic weapons) နှင့် Multiple Independently Targetable Re-entry Vehicles (MIRVs) ကဲ့သို့သော ပေါ်ပေါက်လာမည့် နောက်ဆုံးပေါ်ခြိမ်း ခြောက်မှုများကိုတန်ပြန်ရန် အဓိက ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**India Reaches ICBM Interception Milestone With Phase 2 BMD Trials** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအာစစ်မို့ အရသာထူး စိတ်နှင့်ကြည်နူး ....

ရွှေဖီဦး

Black Tea



ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

Tea Mix

Lemon Tea




ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၁၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ

ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား




ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၂၃ ၃၂၇

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀



စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။


## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ အထက(ခွဲ) နွားလျှာရိုးကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်မြင့်ဆန်း(၉/မသန(နိုင်)၁၁၁၅၂၇)၏သား မောင်နိုင်ဦးခန့် (ခ) မောင်အောင်ချစ်မင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **မောင်နိုင်ဦးခန့် (ခ) မောင်အောင်ချစ်မင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ စမ်းကျဘက (မူလွန်)ကျောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-4 အောင်မြင်ခဲ့သော မောင်ထက်ဇေအောင်၏ဖခင်အမည်မှာ ဦးဖိုးမင်း (ခ) ဦးဇော်နိုင်မင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးမင်း (ခ) ဦးဇော်နိုင်မင်း(၉/မခန(နိုင်)၁၉၃၃၂၉)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန် မြို့နယ်၊ လက်ပန်သာကျေးရွာမှ (ဘ) ဦးတင်ဝင်း၏သား ငါးဇွန်မြို့နယ်၊ နဘဲပင်အလယ်တန်းကျောင်း(ခွဲ)တွင် အလယ်တန်းပြဆရာအဖြစ် ထမ်းဆောင်နေသော ဦးမောင်ကျော် (ခ) ဦးကျော် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ကျော် (ခ) ဦးကျော်(၅/ငဇန(နိုင်)၀၄၆၂၂၅)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်၊ အထက သပြေတောင်း၊ Grade-9 မှ (ဘ) ဦးကိုကို နိုင်၏သမီး မယမင်းစန္ဒာနှင့် မဆုဗိုလ်ဗိုလ်ထက်မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

**မယမင်းစန္ဒာ (ခ) မဆုဗိုလ်ဗိုလ်ထက်**

## ပျောက်ဆုံးကြောင်း

နမ့်ခမ်းမြို့၊ အမှတ်(၁၄)ရပ်ကွက်၊ အောင်မေတ္တာ ၆၅/၂၀ နေ ဟောဟွာဖ (ဘ) ဦးခေါ်လီရှောင်(၁၃/နခန(ပြု)၀၀၀၆၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-661712111**

## မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ သောတာ ပန်ရပ်ကွက် IBEC Private High School၊ Grae-12 အတန်းမှ မောင်သော်သော်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသမ်မား(၅/နယန (နိုင်)၀၀၇၈၉၄)နှင့် ဒေါ်ဆန်ဂေး(၅/နယန(နိုင်) ၀၁၂၉၂၁)ဖြစ်ပါကြောင်း။

**ဦးသမ်မား + ဒေါ်ဆန်ဂေး**

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ ရွှေကျင်ရွာ၊ နန်းရှေ့ဖောင်တော်ဦး ဘုန်းတော်ကြီးစာသင်ကျောင်းတွင် ပညာသင်ကြားခဲ့သော မဇွန်ဖူးပွင့်(၉/ပသက(နိုင်)၁၇၀၆၅၅) ကိုင်ဆောင်သူ၏ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းသိန်းထွန်း ဖြစ်ပါ ကြောင်း။ **ဦးမင်းသိန်းထွန်း(၉/ပသက(နိုင်)၁၁၆၈၈၇)**

## ဖခင်အမည်မှန်

ပြည်ကြီးတံခွန်မြို့နယ်၊ ဘက(၇)ကန်ကြီးကုန်း ကျောင်း၊ Grade-3 တန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်မင်း၏ဖခင်အမည်မှန်မှာ ဦးသီဟ ကျော်လင်း ဖြစ်ပါကြောင်း။

**ဦးသီဟကျော်လင်း(၁၂/မဂဒ(နိုင်)၁၅၀၀၇၃)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ် စီးဆင်းမှုကိုအားကောင်းစေပြီး အသက် ရှူလမ်းကြောင်းအတွင်း ရောဂါပိုး များဝင်ရောက်ခြင်းကို တိုက်ထုတ် ပေးသည်။




## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

မြင်းမူမြို့၊ တောင်ပိုင်းရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည် နေရပန်၊ ဦးပိုင်အမှတ်(၃၄-က)၊ ဧရိယာ(၀.၁၁၇)ဧက ရှိသော အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၃၅)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၃၄-င)
(ဂ) တောင်လားသော် - ငါးမျှာကျောင်းတိုက်
(ဃ) မြောက်လားသော် - မုံရွာ-မန္တလေးကားလမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးပြည့်ဇော်ဦး + ဒေါ်ယမင်းအောင်** တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက် အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြင်းမူမြို့နယ်မြေစာရင်းဦးစီးဌာန
မြင်းမူမြို့


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


**အိမ်ပြင်ပဒ္ဓထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့ရှိ နည်းပညာမြင့်စက်ရုံ၊ အလုပ်ရုံများကို သွားရောက်လေ့လာ

စာမျက်နှာ - ၁၈

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ နဝမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၁၉

မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ နဝမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စာမျက်နှာ ၁၆ ကော်လံ ၁ ❑



မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ နဝမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၃၈ ဦးနှင့် အမျိုးသမီး ၃၈ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးကို ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်း ပေးအပ်စဉ်။

နေပြည်တော် ဇွန် ၁၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၃၈ ဦးနှင့် အမျိုးသမီး ၃၈ ဦး စုစုပေါင်း ၃၇၆ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ငါးဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား သုံးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ဦးရေ ၄၀၊ အမျိုးသမီး လေးဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး သုံးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး သုံးဦး၊ စာမျက်နှာ ၂၆ ကော်လံ ၁ ❖

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး စာမျက်နှာ - ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ ဝမ်လန်းကျေးရွာအနီး၌ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦး၊ လာအိုနိုင်ငံသား အမျိုးသား နှစ်ဦး စုစုပေါင်း ၁၉ ဦးတို့ကို တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ယာဉ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ စာမျက်နှာ - ၂၉

## မကွေးတိုင်းဒေသကြီး အောင်လံမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့တို့တွင် ၁၁ ဒသမ ၆၅ ဘီလီယံခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်မှ တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၇ ကော်လံ ၁ ❍



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် YiLink ဟိုတယ်၌ ဖမ်းဆီးရမိသည့် ဝင်းဇော်၊ ဇော်ဇော်နိုင်၊ စိုးမင်းထွန်း၊ မောင်ဝင်းကြီးတို့ကို မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။